# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
# ပထမအကြိမ် ပြည်သူ့လွှတ်တော် (၁၂)ကြိမ်မြောက်ပုံမှန်အစည်းအဝေး
# (၄၂)ရက်မြောက်နေ့မှတ်တမ်း

## ၁၃၇၆ ခုနှစ်၊ တန်ခူးလပြည့်ကျော် ၆ ရက်
## (၂၀၁၅ ခုနှစ်၊ ဧပြီလ ၉ ရက်)
## (ကြာသပတေးနေ့)

နေပြည်တော်ရှိ ပြည်သူ့လွှတ်တော်အစည်းအဝေးခန်းမတွင် ပထမအကြိမ် ပြည်သူ့လွှတ်တော် (၁၂)ကြိမ်မြောက်ပုံမှန်အစည်းအဝေး (၄၂)ရက်မြောက်နေ့ကို နံနက် ၁၀း၂၀ နာရီအချိန်၌ စတင်ကျင်းပပါသည်။

**[**ပြည်သူ့လွှတ်တော်အစည်းအဝေးကို ကြီးကြပ်ကွပ်ကဲသူအဖြစ် ပြည်သူ့လွှတ်တော်ဒုတိယဥက္ကဋ္ဌ ဦးနန္ဒကျော်စွာက ဆောင်ရွက်ပြီး၊ အခမ်းအနားမှူးအဖြစ် ဦးတင်ဝင်းအောင်၊ ခေတ္တညွှန်ကြားရေးမှူးချုပ်၊ ပြည်သူ့လွှတ်တော်ရုံးက ဆောင်ရွက်ပါသည်။**]**

**အချိန်၊ ၁၀း၂၀။**

**အခမ်းအနားမှူး။** ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များနှင့် ဧည့်သည်တော်များခင်ဗျား။ ယခုအချိန်ကစပြီး ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ပထမအကြိမ် ပြည်သူ့လွှတ်တော် (၁၂)ကြိမ်မြောက်ပုံမှန်အစည်းအဝေး (၄၂)ရက်မြောက်နေ့အစီအစဉ် စတင်ပါတော့မယ်။

## ပြည်သူ့လွှတ်တော်ဒုတိယဥက္ကဋ္ဌနေရာယူခြင်း

**အခမ်းအနားမှူး။** ။ ပြည်သူ့လွှတ်တော်ဒုတိယဥက္ကဋ္ဌ ကြွရောက်လာပါပြီခင်ဗျား။

**[**ပြည်သူ့လွှတ်တော်ဒုတိယဥက္ကဋ္ဌသည် ဒုတိယဥက္ကဋ္ဌအတွက် သတ်မှတ်ထားသည့် စင်မြင့်ပေါ်သို့ ကြွရောက်နေရာယူပါသည်။**]**

**အခမ်းအနားမှူး။** ။ အားလုံးထိုင်နိုင်ပါပြီခင်ဗျား။

**မူကြမ်း**

## ပြည်သူ့လွှတ်တော် အစည်းအဝေးအထမြောက်ကြောင်းနှင့် စတင်ကျင်းပကြောင်း ကြေညာခြင်း

**ဒုတိယဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ သုမင်္ဂလာအပေါင်းနှင့်ပြည့်စုံတော်မူကြပါစေ။ ဒီကနေ့ကျင်းပတဲ့ ပထမအကြိမ် ပြည်သူ့လွှတ်တော် (၁၂)ကြိမ်မြောက်ပုံမှန်အစည်းအဝေးရဲ့ (၄၂)ရက်မြောက်နေ့မှာ ပြည်သူ့လွှတ်တော် လွှတ်တော်အခွင့်အရေးကော်မတီရဲ့ တင်ပြချက်အရ အစည်းအဝေးသို့တက်ရောက်ခွင့်ရှိတဲ့ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ၄၁၉ ဦးရှိတဲ့အနက် ၃၄၆ ဦး တက်ရောက်ပါတယ်။ အစည်းအဝေးသို့ တက်ရောက်ခွင့်ရှိသူဦးရေ စုစုပေါင်းရဲ့ ၈၂.၅၈ ရာခိုင်နှုန်း ရှိတဲ့အတွက် အစည်းအဝေးအထမြောက်ကြောင်းနှင့် စတင်ကျင်းပကြောင်း ကြေညာပါတယ်။ (သြဘာသံများ)

## အစည်းအဝေးအစီအစဉ်ဖြန့်ဝေထားကြောင်း တင်ပြခြင်း

**ဒုတိယဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ အစည်းအဝေးကို ကြိုတင်ဖြန့်ဝေထားတဲ့ အစီအစဉ်များအတိုင်း ဆက်လက်ဆောင်ရွက်သွားမှာဖြစ်ပါတယ်။

## ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ ခွင့်ပန်ကြားခြင်း

**ဒုတိယဥက္ကဋ္ဌ**။ ။ ယခု အစည်းအဝေးမတက်ရောက်နိုင်တဲ့ လွှတ်တော်ကိုယ်စားလှယ်များအတွက် ခွင့်ပန်ကြားရန် ဖြစ်ပါတယ်။

**ဒေါက်တာစိုးရင်(အတွင်းရေးမှူး၊ လွှတ်တော်အခွင့်အရေးကော်မတီ)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဒုတိယဥက္ကဋ္ဌကြီးခင်ဗျား။ ယနေ့ ကျင်းပတဲ့ ပထမအကြိမ် ပြည်သူ့လွှတ်တော် (၁၂)ကြိမ်မြောက်ပုံမှန်အစည်းအဝေး (၄၂)ရက်မြောက်နေ့မှာ ခွင့်ပန်ကြားသူ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များရဲ့အမည်စာရင်းကို ကျွန်တော် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ပြည်သူ့လွှတ်တော် လွှတ်တော်အခွင့်အရေးကော်မတီ အတွင်းရေးမှူးအနေနဲ့ တင်ပြပါမယ်။ ယနေ့ ခွင့်ပန်ကြားသူများမှာ-

(၁) ချီဖွေမဲဆန္ဒနယ်မှ ဦးဇုံးတိန့် ခွင့် ၂ ရက်၊

(၂) တနိုင်းမဲဆန္ဒနယ်မှ ဦးမျိုးဆွေ ခွင့် ၂ ရက်၊

မူကြမ်း

(၃) ဖာဆောင်းမဲဆန္ဒနယ်မှ ဦးရဲထွဋ်တင် ခွင့် ၂ ရက်၊

(၄) ကော့ကရိတ်မဲဆန္ဒနယ်မှ ဦးသူရိန်ဇော် ခွင့် ၂ ရက်၊

(၅) တီးတိန်မဲဆန္ဒနယ်မှ ဦးပုမ်ခန့်အင် ခွင့် ၂ ရက်၊

(၆) လပ္ပတ္တာမဲဆန္ဒနယ်မှ ဦးဇော်ထွန်း ခွင့် ၂ ရက်၊

(၇) ရမ်းပြဲမဲဆန္ဒနယ်မှ ဦးဘထီး ခွင့် ၂ ရက်၊

(၈) သန်လျင်မဲဆန္ဒနယ်မှ ဦးလွင်ဦး ခွင့် ၂ ရက်၊

(၉) ဝိုင်းမော်မဲဆန္ဒနယ်မှ ဦးယိန်းဘောမ် ခွင့် ၂ ရက်၊

(၁၀) မင်းကင်းမဲဆန္ဒနယ်မှ ဒေါ်ခင်မွှေးလွင် ခွင့် ၁ ရက်၊

(၁၁) အင်ဂျန်းယန်မဲဆန္ဒနယ်မှ ဒေါ်ဒွဲဘူ ခွင့် ၂ ရက်၊

(၁၂) သာပေါင်းမဲဆန္ဒနယ်မှ ဦးဝင်းသန်း ခွင့် ၁ ရက်၊

(၁၃) ပုဇွန်တောင်မဲဆန္ဒနယ်မှ ဦးအောင်ဇင် ခွင့် ၂ ရက်၊

(၁၄) ရေဖြူမဲဆန္ဒနယ်မှ ဦးဝင်းဦး ခွင့် ၂ ရက်၊

(၁၅) လေးမျက်နှာမဲဆန္ဒနယ်မှ ဦးဘဌေး ခွင့် ၂ ရက်၊

(၁၆) ပူတာအိုမဲဆန္ဒနယ်မှ ဦးယော်ဒီဌေး ခွင့် ၂ ရက်၊

(၁၇) ကွတ်ခိုင်မဲဆန္ဒနယ်မှ ဦးတီခွန်မြတ် ခွင့် ၂ ရက်၊

(၁၈) လင်းခေးမဲဆန္ဒနယ်မှ ဦးစိုင်းလှကျော် ခွင့် ၂ ရက်၊

(၁၉) မန်တုံမဲဆန္ဒနယ်မှ ဦးအိုက်မုန်း ခွင့် ၂ ရက်၊

(၂၀) ကြာအင်းဆိပ်ကြီးမဲဆန္ဒနယ်မှ ဦးစောထွဋ်ခေါင်လွင် ခွင့် ၂ ရက်၊

(၂၁) ဂွမဲဆန္ဒနယ်မှ ဦးကြည်သာ ခွင့် ၁ ရက်၊

(၂၂) တပ်မတော်သားကိုယ်စားလှယ် ဒုတိယဗိုလ်မှူးကြီးစောရွှေ ခွင့် ၁ ရက်၊

(၂၃) ထန်တလန်မဲဆန္ဒနယ်မှ ဒေါ်ဇာတလဲမ်း ခွင့် ၂ ရက်၊

(၂၄) မိုးမောက်မဲဆန္ဒနယ်မှ ဦးဇော်ထွန်း ခွင့် ၂ ရက်၊

(၂၅) ဇီးကုန်းမဲဆန္ဒနယ်မှ ဦးခင်မောင်မြင့် ခွင့် ၂ ရက်၊

(၂၆) သာယာဝတီမဲဆန္ဒနယ်မှ ဦးမောင်မောင်(ခ)ဦးခင်မောင်ဝင်း ခွင့် ၂ ရက်နှင့်

(၂၇) ကြံခင်းမဲဆန္ဒနယ်မှ ဒေါက်တာတင်မောင်ကြိုင် ခွင့် ၁ ရက်တို့ဖြစ်ကြပါတယ်။ ယနေ့ ခွင့်ပန်ကြားသူများအား ခွင့်ပြုပေးပါရန် လေးစားစွာ ပန်ကြားအပ်ပါတယ်ခင်ဗျား။

**မူကြမ်း**

**ဒုတိယဥက္ကဋ္ဌ**။ ။ ခွင့်ပန်ကြားသူအားလုံးကို ခွင့်ပြုပါတယ်။

## ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှုအခြေအနေကို မှတ်တမ်းတင်ခြင်း

**ဒုတိယဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဒီကနေ့ အစည်းအဝေးမှာ တက်ရောက်ခွင့်ရှိတဲ့ လွှတ်တော်ကိုယ်စားလှယ် ၄၁၉ ဦး၊ ယခင်က ခွင့်ပန်ကြား၍ ခွင့်ပြုထားသူ ၄၆ ဦး၊ ယနေ့ ခွင့်ပြုထားသူ ၂၇ ဦးဖြစ်၍ လွှတ်တော်ကခွင့်ပြုထားသူစုစုပေါင်း ၇၃ ဦးဖြစ်ပါတယ်။ ခွင့်မဲ့ပျက်ကွက်သူမရှိပါ။ ယခု လွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှု အခြေအနေကို လွှတ်တော်ရဲ့ အတည်ပြုချက်ရယူပါမယ်။ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေး တက်ရောက်မှုအခြေအနေတင်ပြချက်ကို အတည်ပြုရန် လွှတ်တော်က သဘောတူပါ သလားခင်ဗျား။

[ သုံးကြိမ်တိုင်တိုင်မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

**ဒုတိယဥက္ကဋ္ဌ**။ ။ လွှတ်တော်က သဘောတူတဲ့အတွက် ကိုယ်စားလှယ်များ အစည်းအဝေး တက်ရောက်မှုအခြေအနေကို အတည်ပြုမှတ်တမ်းတင်ကြောင်း ကြေညာပါတယ်။ (သြဘာသံများ)

## ကြယ်ပွင့်ပြထားသည့်မေးခွန်းများကို လွှတ်တော်ကိုယ်စားလှယ်များက မေးမြန်းခြင်းနှင့် သက်ဆိုင်ရာ ပြည်ထောင်စုအဆင့်အဖွဲ့အစည်းဝင်များက ဖြေကြားခြင်း

**ဒုတိယဥက္ကဋ္ဌ**။ ။ အစီအစဉ် ၅ ဖြစ်ပါတယ်။ မေးခွန်းများ မေးမြန်း၊ ဖြေကြားခြင်း အစီအစဉ် စတင်ဆောင်ရွက်ပါမယ်။

**အင်းတော်မြို့နယ်၊ ဘူရောင်းကျေးရွာအနီးတွင် ကျောက်မျက်ကုမ္ပဏီတစ်ခုသည် စက်ယန္တရားများ (backhoes + heavy trucks) ဖြင့်တိုင်းဒေသကြီးအစိုးရအဖွဲ့၏ ခွင့်ပြုမိန့်မရရှိဘဲ လုပ်ဆောင်နေခြင်း၊ သစ်တောကြိုးဝိုင်းမြေဖြစ်၍ လုပ်ငန်းရပ်ဆိုင်းကန့်ကွက်လွှာပို့သော်လည်း လုပ်ငန်းများဆက်လက် လုပ်ဆောင်နေခြင်းတို့ကြောင့် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အစိုးရ၏ ခွင့်ပြုချက်မရရှိဘဲ ကျောက်စိမ်းဖော်ထုတ်လုပ်ကွက်များ ခွင့်ပြုခြင်းသည် ဥပဒေနှင့်ညီ/မညီနှင့်စပ်လျဉ်းသည့်မေးခွန်း**

**ဥက္ကဋ္ဌ**။ ။ ပထမဦးစွာ အင်းတော်မဲဆန္ဒနယ်မှ ဦးကျော်နိုင်ဌေး မေးမြန်းဖို့ဖြစ်ပါတယ်။

**ဦးကျော်နိုင်ဌေး(အင်းတော်မဲဆန္ဒနယ်)**။ ။ လေးစားအပ်ပါသော ဒုတိယဥက္ကဋ္ဌကြီးနှင့် အားလုံးမင်္ဂလာပါခင်ဗျား။ လေးစားဂါရဝထားကြောင်း တင်ပြအပ်ပါတယ်။ ကျွန်တော့်အနေနဲ့ ဒီနေ့ မေးခွန်းမေးမြန်းဖို့ဖြစ်လာတဲ့အကြောင်းကတော့ ကျွန်တော်တို့မဲဆန္ဒနယ်နယ်မြေ၊ အင်းတော်မြို့နယ် အတွင်းမှာ ဘူရောင်းဆိုတဲ့ကျေးရွာတစ်ရွာရှိပါတယ်။ အဲဒီကျေးရွာရဲ့အနီးအနားမှာ ကုမ္ပဏီတစ်ခုက နေပြီးတော့မှ စက်ယန္တရားကြီးတွေနဲ့ ကျွန်တော်တို့ ကျောက်မျက်တူးဖော်ဖို့လုပ်နေပါတယ်ဆိုပြီးတော့ ဒေသခံပြည်သူတွေက တင်ပြတဲ့အခါမှာ ဒါဥပဒေနဲ့ ညီလား/မညီလားဆိုတာကိုသူတို့ သိချင်ပါတယ်လို့ ပြောတယ်။ ကျွန်တော်တို့အဲဒီဟာကိုသွားပြီးတော့ ကုမ္ပဏီကိုသွားရောက်လေ့လာတဲ့အခါမှာ လုပ်ငန်းကိုအကြီးအကျယ်တည်ဆောက်နေတာကို တွေ့ပါတယ်။ သက်ဆိုင်ရာ အာဏာပိုင်အဖွဲ့အစည်းများရဲ့ ခွင့်ပြုချက်တစ်စုံတရာမှမတွေ့ရှိခဲ့ရပါဘူး။ အဲ့ကုမ္ပဏီက ကျွန်တော်ကိုပြန်လည်ပြနိုင်တဲ့ စာရွက်စာတမ်းကတော့ သူတို့ကို မြို့နယ်သစ်တောဦးစီးဌာနကနေပြီးတော့မှ သစ်တောကြိုးဝိုင်းဖြစ်တဲ့ အတွက်မလုပ်ဖို့ ကန့်ကွက်တဲ့စာကိုပဲ ပြနိုင်ပါတယ်။ သက်ဆိုင်တိုင်းဒေသကြီး အစိုးရအဖွဲ့ရဲ့ခွင့်ပြုတဲ့စာမပြနိုင်ပါဘူး။ သို့သော်လည်း လုပ်ငန်းကလုပ်ဆောင်နေမြဲဖြစ်ပါတယ်။ ဒီတော့ကျွန်တော်တို့မှာ စဉ်းစားစရာ ဖြစ်လာပါတယ်။ ပြည်နယ်တစ်ပြည်နယ် သို့မဟုတ် တိုင်းဒေသကြီးတစ်ခုခုဟာ အဲဒီအစိုးရအဖွဲ့ကိုယ် တိုင်ကမသိပါဘဲနဲ့ အောက်ခြေအဆင့်မြို့နယ်အုပ်ချုပ်ရေး အာဏာပိုင်များက လည်းမသိပါဘဲနဲ့ ကျွန်တော်တို့ ဒီကျောက်မျက်ရတနာသတ္တုတူးဖော်တဲ့လုပ်ငန်းမျိုးကို ခွင့်ပြုပေးထားခြင်းဟာ တရားဥပဒေနဲ့ ညီ/မညီဆိုတာ တကယ်ကိုမေးမြန်းစရာဖြစ်လာပါတယ်။ ဒါကလည်းပဲ ကျွန်တော်တို့ မြို့နယ်မှာကြုံတွေ့ရတဲ့ နမူနာတစ်ခုကို တင်ပြပြီးမေးမြန်းခြင်း ဖြစ်ပါတယ်။ အဓိကသိလိုတဲ့ တစ်ချက်ကတော့ ပြည်နယ်/တိုင်းဒေသကြီးအစိုးရအဖွဲ့များရဲ့ ခွင့်ပြုချက်မရှိပါဘဲ

ပြည်ထောင်စုကနေပြီးတော့မှ ကျွန်တော်တို့ ကျောက်မျက်ရတနာသတ္တုဖော်ထုတ်လုပ်ကွက်များ ခွင့်ပြုခြင်းဟာ ဥပဒေနဲ့ညီ/မညီ သိလိုပါ၍ မေးမြန်းရခြင်းဖြစ်ပါတယ်ခင်ဗျား။ ကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ သက်ဆိုင်ရာပြည်ထောင်စုဝန်ကြီးဌာနမှ ဖြေကြားရန် ဖြစ်ပါတယ်။

**ဖြေကြားချက်**

**ဦးသန်းထွန်းအောင်(ဒုတိယဝန်ကြီး၊ သတ္တုတွင်းဝန်ကြီးဌာန)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော် ဒုတိယဥက္ကဋ္ဌကြီးနှင့် လွှတ်တော်ကိုယ်စားလှယ်တော်ကြီးများ၊ ဒုတိယဝန်ကြီးများ ကိုယ်၏ကျန်းမာခြင်း၊ စိတ်၏ချမ်းသာခြင်းနှင့် ပြည့်စုံကျန်းမာချမ်းသာကြပါစေလို့ ကျွန်တော် ဆုတောင်းမေတ္တာပို့သ ဂါရဝပြုအပ်ပါတယ်။ ကျွန်တော်ကတော့ သတ္တုတွင်းဝန်ကြီးဌာန၊ ဒုတိယဝန်ကြီး ဦးသန်းထွန်းအောင် ဖြစ်ပါတယ်။ စစ်ကိုင်းတိုင်းဒေသကြီး၊ အင်းတော်မဲဆန္ဒနယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးကျော်နိုင်ဌေးရဲ့ စစ်ကိုင်းတိုင်းဒေသကြီး အင်းတော်မြို့နယ်၊ ဘူရောင်းကျေးရွာအနီးမှာ ကျောက်မျက်ရတနာကုမ္ပဏီတစ်ခုသည် စက်ယန္တရားများ Backhoes နှင့် Dump trucks များနှင့် တိုင်းဒေသကြီးအစိုးရအဖွဲ့ခွင့်ပြုမိန့်မရဘဲ လုပ်ဆောင်နေခြင်း၊ မြို့နယ်သစ်တော ဦးစီးဌာနက သစ်တောကြိုးဝိုင်းမြေဖြစ်၍ လုပ်ငန်းရပ်ဆိုင်းရန် ကန့်ကွက်လွှာပို့ခဲ့သော်လည်းပဲ လုပ်ငန်းများ ဆက်လက်လုပ်ကိုင်နေခြင်းတို့ကြောင့် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အစိုးရအဖွဲ့ ခွင့်ပြုမိန့်မရဘဲ ကျောက်စိမ်းဖော်ထုတ် လုပ်ကွက်များခွင့်ပြုခြင်းသည် ဥပဒေနှင့်ညီ/မညီ စပ်လျဉ်းတဲ့ မေးခွန်းကို ပြည်ထောင်စုဝန်ကြီးရဲ့ကိုယ်စား ဖြေကြားသွားမှာ ဖြစ်ပါတယ်ခင်ဗျား။ ကျွန်တော်ရဲ့ ဖြေကြားချက်များမှာ ဥပဒေ၊ နည်းဥပဒေ၊ အမိန့်၊ ညွှန်ကြားချက်များ၊ မြေပုံများပါဝင်တဲ့အတွက်ကြောင့် Power Point ဖြင့်တင်ပြခွင့်ပြုပေးပါရန်နှင့် အချက်အလက်ပြည့်စုံစွာ ဖြေကြားနိုင်ဖို့အတွက်လည်း ခွင့်ပြုချိန်အနည်းငယ် ကျော်လွန်ခဲ့လျှင်လည်း ခွင့်ပြုပေးနိုင်ပါရန် ပြည်သူ့လွှတ်တော် ဒုတိယဥက္ကဋ္ဌကြီး ထံ လေးစားစွာတင်ပြအပ်ပါတယ်။

လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဒုတိယဥက္ကဋ္ဌကြီးခင်ဗျား။ ပြည်သူ့လွှတ်တော် ကိုယ်စားလှယ် ဦးကျော်နိုင်ဌေးအနေနဲ့ ဒေသရဲ့အကျိုးစီးပွား၊ ဒေသနေပြည်သူများရဲ့ အကျိုးစီးပွား အတွက် ယခုလို မေးမြန်းခဲ့တဲ့အတွက်လည်း များစွာမှကျေးဇူးတင်ရှိကြောင်း ပဏာမအားဖြင့် ပြောကြားလိုပါတယ်။ စစ်ကိုင်းတိုင်းဒေသကြီး၊ အင်းတော်မြို့နယ်၊ ဘူရောင်းကျေးရွာအနီးမှာရှိတဲ့ သူရောင်မှော်သည် ၂၀၁၁ ခုနှစ်၊ အောက်တိုဘာလ ၁၁ ရက်နေ့မှာ ကျင်းပပြုလုပ်တဲ့ အစိုးရအဖွဲ့ရဲ့

(၄၀/၂၀၀၁) ကြိမ်မြောက် အစည်းအဝေးမှ သဘောတူညီချက်အရ သတ္တုတွင်းဝန်ကြီးဌာနရဲ့ ၂၀၀၁ ခုနှစ်၊ အောက်တိုဘာလ ၁၈ ရက်နေ့ ရက်စွဲပါအမိန့်ကြော်ငြာစာအမှတ်၊ (၉၀/၂၀၀၁) နဲ့ ဖွဲ့စည်းထားရှိသော မော်လူး၊ မော်ဟန် ရတနာမြေအတွင်းမှာ ကျရောက်ပါဝင်လျက်ရှိပါတယ်။ သတ္တုတွင်းဝန်ကြီးဌာန၊ မြန်မာ့ကျောက်မျက် ရတနာရောင်းဝယ်ရေးလုပ်ငန်းက ၎င်းမှော်အတွင်းမှာ သတ်မှတ်လုပ်ကွက် (၁၂) ကွက်နဲ့ ဖော်ထုတ် လုပ်ကွက် (၃၅) ကွက်လုပ်ကိုင်ခွင့်ပြုပေးခဲ့ပါတယ်။

မြန်မာ့ကျောက်မျက်ရတနာဥပဒေပုဒ်မ ၄၊ Power Point နဲ့လည်း ကျွန်တော်တင်ပြထားပါတယ်။ အဲဒီမှာနယ်မြေသတ်မှတ်ခြင်းနှင့် ပတ်သက်ပြီး သတ္တုတွင်းဝန်ကြီးဌာနသည် ကျောက်မျက် ရတနာစီးပွားဖြစ်ထုတ်လုပ်နိုင်ကြောင်း သတင်းရရှိသည့် သို့မဟုတ် ရှာဖွေတွေ့ရှိသည့် နယ်မြေကို အစိုးရအဖွဲ့၏ သဘောတူညီချက်ဖြင့် ရတနာနယ်မြေအဖြစ် သတ်မှတ်နိုင်သည်လို့ ဖော်ပြထားချက် အရ မော်လူး၊ မော်ဟန်ရတနာမြေအပါအဝင် ရတနာနယ်မြေ (၆) ခုကို အမိန်ကြော်ငြာစာထုတ်ပြန်ပြီး သတ်မှတ်ပေးခဲ့ပြီးဖြစ်ပါတယ်။ Power Point မှာလည်း ရတနာနယ်မြေ (၆) ခုကို ကျွန်တော်တင်ပြထား ပါတယ်။ နောက်တစ်ခုကတော့ Power Point -၃ ဖြစ်ပါတယ်။ Power Point -၃ မှာ သတ္တုတွင်း ဝန်ကြီးဌာနရဲ့ အမိန့်ကြော်ငြာစာ ၉၀/၂၀၀၁ ဖြစ်ပါတယ်။ ကျွန်တော် Power Point မှာတင်ပြထားပါတယ်။ အဲဒီတင်ပြထားတဲ့ အမိန့်ကြော်ငြာစာကတော့ မော်လူး၊ မော်ဟန်ရတနာမြေ အဖြစ် သတ်မှတ်ထားတဲ့ အမိန့်ကြော်ငြာစာဖြစ်ပါတယ်။ နောက်တစ်ခုကတော့ မြန်မာ့ကျောက်မျက် ရတနာဥပဒေပုဒ်မ ၈ ဖြစ်ပါတယ်။ မြန်မာ့ကျောက်မျက်ရတနာဥပဒေ ပုဒ်မ ၈ ဟာ ကျောက်မျက် ရတနာလုပ်ကွက် သတ်မှတ်ခြင်းနှင့်ပတ်သက်ပြီးတော့ သတ္တုတွင်းဝန်ကြီးဌာနသည် ကျောက်မျက် ရတနာထုတ်လုပ်ခြင်း လုပ်ငန်းကိုလုပ်ကိုင်ခွင့်ပြုရန်အလို့ငှာ (က) ရတနာနယ်မြေအတွင်း ကျောက်မျက်ရတနာ တူးဖော်နိုင်သည့်နေရာများကို ကျောက်မျက်ရတနာလုပ်ကွက်များအဖြစ် သတ်မှတ်ရပါတယ်။(ခ) ရတနာနယ်မြေမှအပ အခြားမြေလွတ်မြေလပ်များမှာ ကျောက်မျက်ရတနာတူး ဖော်နိုင်တဲ့ အခြေအနေတွေ့ရှိပါက သက်ဆိုင်ရာဝန်ကြီးဌာနနှင့်ညှိနှိုင်းပြီး ကျောက်မျက်ရတနာ လုပ်ကွက်များအဖြစ် သတ်မှတ်နိုင်ပါတယ်။

ဒီနေရာမှာ ကျွန်တော်တင်ပြချင်တာက ကျောက်မျက်ရတနာနယ်မြေမှာ ကျရောက်နေတဲ့ လုပ်ကွက်ဖြစ်တဲ့အတွက်ကြောင့် ဝန်ကြီးဌာနရဲ့ ခွင့်ပြုမိန့်နဲ့ လုပ်ကွက်နေရာမချထားခဲ့ခြင်း ဖြစ်ကြောင်း ဥပဒေအကိုးအကားနဲ့ တင်ပြခြင်းဖြစ်ပါတယ်။ မြန်မာ့ကျောက်မျက်ရတနာဥပဒေပုဒ်မ ၁၅

Power Point မှာလည်းတင်ပြထားပါတယ်။ ပုဒ်မ ၁၅ မှာ သတ္တုတွင်းဝန်ကြီးဌာနသည် (က) ဖော်ထုတ်လုပ်ကွက်အဖြစ် လုပ်ကိုင်ခွင့်ပြုရန် လျှောက်ထားချက်ကို သတ်မှတ်ချက်များနှင့်အညီ စိစစ်၍ခွင့်ပြုသင့်ကြောင်း သဘောရရှိလျှင် လုပ်ကိုင်ခွင့်သက်တမ်းနှင့်ဈေးနှုန်းတို့ကို သတ်မှတ်ရမည်။ (ခ) သတ်မှတ်ထားသော ဈေးနှုန်းကို လျှောက်ထားသူက ပေးသွင်းလျှင် ခွင့်ပြုမိန့်ထုတ်ပေးရမည်။ (ဂ) ခွင့်ပြုမိန့်သက်တမ်း ကုန်ဆုံးသည့်အခါတိုင်း ဖော်ထုတ်လုပ်ကွက်တစ်ခုချင်းအတွက် လုပ်ကိုင်ခွင့် သက်တမ်းနှင့်ဈေးနှုန်းတို့ကို ပြန်လည်သတ်မှတ်ရမည်လို့ ဖော်ပြထားပါတယ်။ အထက်ပါဥပဒေအရ သတ္တုတွင်းဝန်ကြီးဌာန၊ မြန်မာ့ကျောက်မျက်ရတနာ ရောင်းဝယ်ရေးလုပ်ငန်းသည် ရတနာနယ်မြေများအတွင်း ကျောက်စိမ်း၊ ကျောက်မျက် ဖော်ထုတ်လုပ်ကွက်များ လုပ်ကိုင်ခွင့်ပြုရန်အတွက် မြန်မာ့ကျောက်မျက်ရတနာ ဥပဒေ၊ နည်းဥပဒေများနှင့်အညီ ခွင့်ပြုဆောင်ရွက်ပေးနိုင်ပါကြောင်း တိုင်းဒေသကြီး/ပြည်နယ်အစိုးရအဖွဲ့ရဲ့ ခွင့်ပြုချက်ရယူရန်မလိုကြောင်း တင်ပြအပ်ပါတယ်။

လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဒုတိယဥက္ကဋ္ဌကြီးခင်ဗျား။ သတ္တုတွင်းဝန်ကြီးဌာန၊ မြန်မာ့ကျောက်မျက်ရတနာ ရောင်းဝယ်ရေးလုပ်ငန်းသည် ကျောက်မျက်ရတနာလုပ်ကွက်များ ချထားပေးနိုင်ရေးအတွက် မြေပြင်ကွင်းဆင်းစစ်ဆေးရေးအဖွဲ့ကို ဖော်ပြပါဌာနများမှ ကိုယ်စားလှယ်များဖွဲ့စည်းပြီး ကွင်းဆင်းစစ်ဆေးခြင်း ဆောင်ရွက်ပါတယ်။ Power Point Slide နံပါတ် ၉ နဲ့ ကျွန်တော် တင်ပြထားပါတယ်။ အဲဒီအဖွဲ့များကတော့ (က) မြန်မာ့ကျောက်မျက်ရတနာရောင်းဝယ်ရေးလုပ်ငန်း ကိုယ်စားလှယ်၊ (ခ) မြို့နယ်အုပ်ချုပ်ရေးအထွေထွေဦးစီးဌာန၊ (ဂ) မြို့နယ်မြေစာရင်းဦးစီးဌာန၊ (ဃ) မြို့နယ်စိုက်ပျိုးရေးဦးစီးဌာန၊ (င) မြို့နယ်သစ်တောဦးစီးဌာန၊ (စ) မြို့နယ်စည်ပင်သာယာရေးဦးစီးဌာန၊ (ဆ) ကျောက်မျက်ရတနာလုပ်ငန်းရှင်များအသင်း၊ (ဇ) သက်ဆိုင်ရာကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးများနှင့် ရပ်မိရပ်ဖများလို့ ဖော်ပြပါရှိပါတယ်။ ကျွန်တော်တင်ပြချင်တာကတော့ ဒီစစ်ဆေးရေးအဖွဲ့မှာ မြေပြင်ကွင်းဆင်းစစ်ဆေးရေးအဖွဲ့မှာ လုပ်ကိုင်ခွင့်မချထားခင်က မြေပြင်ကွင်းဆင်းစစ်ဆေးတဲ့အခါမှာ အပိုဒ်(င)မှာဖော်ပြထားတဲ့ မြို့နယ်သစ်တောဦးစီးဌာနကိုယ်စားလှယ်ပါဝင်တဲ့အကြောင်းကို ကျွန်တော် တင်ပြချင်တာဖြစ်ပါတယ်။ ဆက်လက်ပြီး ကွင်းဆင်းစစ်ဆေးရေးအဖွဲ့က ကျောက်မျက်ရတနာတူးဖော်ထုတ်လုပ်လိုသည့် မြေနေရာများသည် အောက်ဖော်ပြပါကန့်သတ်ချက်များနှင့် လွတ်ကင်းမှုရှိ/မရှိစစ်ဆေးခြင်းကို ဆောင်ရွက်ပါတယ်။

Power Point Slide နံပါတ် ၁၀ နဲ့ ကျွန်တော် တင်ပြထားပါတယ်။ အဲဒီဆောင်ရွက်ရတဲ့ ကန့်သတ်ချက်တွေကတော့ (က) လယ်မြေ၊ (ခ) ဘေးမဲ့တော၊ ကာကွယ်တောများ၊ (ဂ) ကျေးရွာ၊ (ဃ) သာသနာ့နယ်မြေ၊ (င) စေတီ/ဘုရား၊ သာသနိကကျောင်းဆောင်များနှင့် ကျောင်းများနှင့် အဆောက် အဦများ၊ (စ) မြို့နယ်စည်ပင်သာယာရေးနယ်နိမိတ်၊ (ဆ) အများသုံးလမ်းမကြီးများ၊ (ဇ) ရေဦး ရေထွက်နှင့် အများသုံးရေကန်ကြီးများ၊ (ဈ) သဘာဝပတ်ဝန်းကျင်ထိခိုက်နိုင်သော မြေနေရာများ၊ (ည) စီမံကိန်းနယ်မြေ ဧရိယာများ၊ (ဋ) လုပ်ကိုင်ခွင့်ပြုထားပြီးသော လုပ်ကွက်များလို့ ကန့်သတ်ချက်များကို ဖော်ပြပါရှိပါတယ်။ အဆိုပါ ကွင်းဆင်းစစ်ဆေးရေးအဖွဲ့ရဲ့ ကွင်းဆင်းစစ်ဆေးတွေ့ရှိချက်များကို သတ္တုတွင်းဝန်ကြီးဌာနက အမိန့်ကြော်ငြာစာထုတ်ပြန်ဖွဲ့စည်းထားရှိတဲ့ ကျောက်မျက်ရတနာလုပ်ကွက် များ ခွင့်ပြုမိန့်ချထားပေးရေး၊ စစ်ဆေးရေးနှင့် ကြီးကြပ်ရေးလုပ်ငန်းကော်မတီက ပဏာမစိစစ်ပြီး နိုင်ငံတော်သမ္မတရုံးက ဖွဲ့စည်းပေးထားတဲ့ မြန်မာ့ကျောက်မျက်ရတနာလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေး ဦးစီးကော်မတီအစည်းအဝေးကို တင်ပြပြီး ကျောက်မျက်ရတနာတူးဖော်ထုတ်လုပ်တဲ့လုပ်ကွက်များကို ခွင့်ပြုမိန့်ချထားပေးပါတယ်။ Power Point Slide နံပါတ် ၁၀ မှာ ကျောက်မျက်ရတနာလုပ်ကွက်များ ခွင့်ပြုမိန့်ချထားပေးရေး၊ စစ်ဆေးရေးနှင့် ကြီးကြပ်ရေးလုပ်ငန်းကော်မတီဖွဲ့စည်းအမိန့်နှင့်ဖွဲ့စည်း ပါဝင်တဲ့ အဖွဲ့ဝင်များဖြစ်ပါတယ်။

Power Point Slide နံပါတ် ၁၁ မှာ ကျောက်မျက်ရတနာလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးဦးစီး ကော်မတီဖြစ်ပါတယ်။ နိုင်ငံတော်သမ္မတရုံးက ဖွဲ့စည်းပေးထားတဲ့အဖွဲ့ ဖြစ်ပါတယ်။ ရတနာနယ်မြေ များအတွင်းမှာ ကျောက်စိမ်းတူးဖော်ထုတ်လုပ်ဖို့အတွက် ဖော်ထုတ်လုပ်ကွက်များ ခွင့်ပြုမိန့်ချထား ပေးတဲ့အခါမှာ မြန်မာ့ကျောက်မျက်ရတနာဥပဒေ၊ နည်းဥပဒေများနှင့်အညီကော်မတီအဆင့်ဆင့်က စိစစ်ကြီးကြပ်ပြီး လုပ်ကိုင်ခွင့်ချထားပေးလျက်ရှိခြင်းကြောင့် စစ်ကိုင်းတိုင်းဒေသကြီး၊ အင်းတော် မြို့နယ် ဘူရောင်းကျေးရွာအနီးမှာရှိတဲ့ သူရောင်မှော်လုပ်ကွက်ကို ကျောက်စိမ်းဖော်ထုတ်လုပ်ကွက် များ လုပ်ကိုင်ခွင့်ချထားပေးခြင်းသည် ဥပဒေနှင့်အညီ ခွင့်ပြုပေးထားခြင်းဖြစ်ပါကြောင်း တင်ပြအပ်ပါ တယ်။

မော်လူး၊ မော်ဟန်ရတနာနယ်မြေ(မိုးညှင်း)မှာရှိတဲ့ သူရောင်မှောင်လုပ်ကွက်(ဖထ-၃၄၊ ဖထ- ၃၅၊ ဖထ-၃၆၊ ဖထ-၃၇) လုပ်ကွက် ၄ ကွက်ကို ကွင်းဆင်းစစ်ဆေးပြီး ၂၉-၁၂-၂၀၀၉ ရက်နေ့တွင် ကျင်းပပြုလုပ်တဲ့ ကျောက်မျက်ရတနာလုပ်ကွက်များခွင့်ပြုမိန့်ချထားပေးရေး၊ စစ်ဆေးရေးနှင့်

ကြီးကြပ်ရေးလုပ်ငန်းကော်မတီက စိစစ်ခွင့်ပြုခဲ့ပြီး မြန်မာ့ကျောက်မျက်ရတနာလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးကော်မတီအစည်းအဝေးသို့ တင်ပြပြီး ခူဝံကြယ်ကျောက်မျက်ရတနာကုမ္ပဏီကို ၁၈-၂-၂၀၁၀ ရက်နေ့ကနေ ၂၀-၅-၂၀၁၅ ရက်နေ့ထိအောင် ကျောက်မျက်ရတနာတူးဖော်လုပ်ကိုင်ခြင်းကို ခွင့်ပြုပေးခဲ့ပါတယ်။ ဒီနေရာမှာ ကျွန်တော်တင်ပြချင်တာကတော့ ခွင့်ပြုသက်တမ်းကိုကြည့်ရင် သက်တမ်း ငါးနှစ်ဖြစ်နေတာကို တွေ့ရမှာဖြစ်ပါတယ်။ တကယ်တမ်းကျတော့ ဥပဒေက ခွင့်ပြုထားတာသည် သက်တမ်းသုံးနှစ်သာ ဖြစ်ပါတယ်။ ဒီလိုဖြစ်ရခြင်းအကြောင်းက နယ်မြေမတည်ငြိမ်မှုများကြောင့် ၂၀၁၂ ခုနှစ်၊ မေလ ၃၁ ရက်နေ့မှာ ထုတ်လုပ်ခွင့်ပြုနေတဲ့ကုမ္ပဏီများကို ထုတ်လုပ်ခွင့်ရပ်ဆိုင်းလိုက်ရပါတယ်။ ၂၀၁၄ ခုနှစ်၊ စက်တင်ဘာလတစ်ရက်နေ့အရောက်မှာ ထုတ်လုပ်ခွင့်ပြန်လည်ပြီးတော့မှ ခွင့်ပြုပေးတဲ့အတွက်ကြောင့်မို့လို့ နှစ်နှစ်ကျော်ကာလရပ်နားနေခဲ့ရတဲ့အတွက် ကုမ္ပဏီများကို ဒီနှစ်နှစ်ကျော်ကာလကို သက်တမ်းပြန်ဆက်ပေးတဲ့အတွက်ကြောင့်မို့လို့ ၂၀-၅-၂၀၁၅ ရက်နေ့အထိ သက်တမ်းဆက်သွားတာဖြစ်ပါတယ်။ မြန်မာ့ကျောက်မျက်ရတနာ နည်းဥပဒေ ၁၄ Power Point Slide နံပါတ် ၁၆ နဲ့ ကျွန်တော်တင်ပြထားပါတယ်။ ဖော်ထုတ်လုပ်ကွက်အဖြစ် ခွင့်ပြုမိန့်ရရှိသူက လိုက်နာရမယ့်စည်းကမ်းချက်များ ကျွန်တော်ဖော်ပြထားပါတယ်။ ခွင့်ပြုမိန့် Power Point Slide နံပါတ် ၁၇ ဖြစ်ပါ တယ်။ အဲဒီခွင့်ပြုမိန့်မှာ ဖော်ပြထားတဲ့တူးဖော်ရေးစနစ်မှာ အသုံးပြုရမည့်စက်ပစ္စည်း၊ ကိရိယာများကိုသာ အသုံးပြုရမယ်လို့ အပိုဒ် ၉ မှာ ဖော်ပြထားပါတယ်။ အဲဒီမှာ လူသို့မဟုတ် စက်ပစ္စည်းကို သုံးစွဲခွင့်ပြုထားပါတယ်။ ခူဝံကြယ်ကျောက်မျက်ကုမ္ပဏီအနေနဲ့ လူ/စက်အားဖြင့် တူးဖော်စနစ်ကိုအသုံးပြုပြီး ကျောက်စိမ်းတူးဖော်မှာဖြစ်တဲ့အတွက်ကြောင့်မို့လို့ Backhoes နှင့် Dump trucks များအသုံးပြု တူးဖော်နိုင်ကြောင်း တင်ပြအပ်ပါတယ်။

သူရောင်မှော်လုပ်ကွက်များကိုလည်း ၁၆-၇-၂၀၀၉ ရက်နေ့မှာ သစ်တောဦးစီးဌာန၊ မြေစာရင်းဦးစီးဌာနနဲ့ အခြားဌာနများမှ ကိုယ်စားလှယ်များပါဝင်သော ကွင်းဆင်းစစ်ဆေးရေးအဖွဲ့က စစ်ဆေးခဲ့ပြီး သတ်မှတ်ချက်များနှင့် လွတ်ကင်းပါကြောင်း တင်ပြခဲ့တဲ့အတွက်ကြောင့် ကျောက်မျက်ရတနာလုပ်ကွက်များ ခွင့်ပြုမိန့်ချထားပေးရေး၊ စစ်ဆေးရေးနှင့် ကြီးကြပ်ရေးလုပ်ငန်းကော်မတီနဲ့ ကျောက်မျက်ရတနာလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးကော်မတီတို့က ကျောက်မျက်ရတနာတူးဖော်လုပ်ကိုင်ခြင်းကို ခွင့်ပြုပေးခဲ့ခြင်းဖြစ်ပါတယ်။ သူရောင်မှော်လုပ်ကွက်များအတွက် ကွင်းဆင်းစစ်ဆေးရေးအဖွဲ့မှ သစ်တောဦးစီးဌာနကိုယ်စားလှယ်အဖြစ် တောအုပ်ဦးကြယ်ဝင်းက လိုက်ပါဆောင်ရွက်ခဲ့ပြီး ကွင်းဆင်းစစ်ဆေးချက်အစီရင်ခံစာမှာ သတ်မှတ်လွတ်ကင်းရမည့်အချက်များနှင့် ကိုက်ညီပါ

တယ်လို့ ဖော်ပြလက်မှတ်ရေးထိုးထားခဲ့ပါတယ်။ Power Point Slide နံပါတ် ၁၉၊ ၂၀ မှာ တောအုပ်ဦးကြယ်ဝင်းကိုယ်တိုင် လက်မှတ်ရေးထိုးထားတဲ့ အစီရင်ခံစာကို ကျွန်တော်တင်ပြထားပါတယ်။ Power Point Slide နံပါတ် ၂၀ အောက်ဆုံးမှာ လက်မှတ်ထိုးထားတာသည် တောအုပ်ဦးကြယ်ဝင်းကိုယ်တိုင် ထိုးထားတာဖြစ်ပြီးတော့မှ ကွင်းဆင်းစစ်ဆေးချက် အစီရင်ခံစာတွင်သတ်မှတ်ကင်းလွတ်ရမည့် အခြေအနေများနှင့်ကိုက်ညီပါတယ်လို့ ဖော်ပြလက်မှတ်ထိုးတဲ့အတွက်ကြောင့်မို့လို့ ကျွန်တော်တို့ ဒီခွင့်ပြုမိန့်ကို ၂၀၀၉ ခုနှစ်မှာ ကျွန်တော်တို့ ခွင့်ပြုပေးခဲ့တာဖြစ်ပါတယ်။ ဒီကော်မတီအနေနဲ့လည်း လက်ရှိ EIA,SIA, HIA စီမံချက်များရေးဆွဲပြီးတော့မှ လိုက်နာဆောင်ရွက်လျက်ရှိကြောင်း သိရှိရပါတယ်။

သတ္တုတွင်းဝန်ကြီးဌာန၊ မြန်မာ့ကျောက်မျက်ရတနာရောင်းဝယ်ရေးလုပ်ငန်းသည် ဓူဝံကြယ်ကျောက်မျက်ကုမ္ပဏီသို့ သူရောင်မှော်လုပ်ကွက်အတွက် ခွင့်ပြုမိန့်ကို ၁၈-၂-၂၀၁၀ ရက်နေ့က စတင်၍ ခွင့်ပြုထားခြင်းဖြစ်ပါတယ်။ ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် သစ်တောရေးရာဝန်ကြီးဌာန၊ အင်းတော်မြို့နယ် သစ်တောဦးစီးဌာန၊ တောအုပ် ဦးဝင်းချိုကနေပြီး ၄-၂-၂၀၁၅ ရက်စွဲပါစာနဲ့ ကုမ္ပဏီကို သစ်တောကြိုးဝိုင်းမြေဖြစ်တဲ့အတွက်ကြောင့် လုပ်ငန်းရပ်ဆိုင်းရန် တားမြစ်စာပေးပို့ခဲ့ခြင်းဖြစ်ပါတယ်။ တားမြစ်စာကို Power Point Slide နံပါတ် ၂၁ နဲ့ ကျွန်တော်တင်ပြထားပါတယ်။ ဦးဝင်းချိုကိုယ်တိုင် လက်မှတ်ထိုးထားပါတယ်။ အဲဒီလိုတားမြစ်ခဲ့ပေမယ့်လည်း အဲဒီမှာ လုပ်နေတဲ့ကုမ္ပဏီအနေနဲ့ မြန်မာ့ကျောက်မျက်ရတနာ ရောင်းဝယ်ရေးလုပ်ငန်းသို့လည်းကောင်း၊ သတ္တုတွင်းဝန်ကြီးဌာနသို့လည်းကောင်း ဒီလိုကန့်ကွက်ခံရခြင်း၊ တားမြစ်ခံရခြင်းနှင့်ပတ်သက်ပြီးတော့မှ ဆက်သွယ်တင်ပြခဲ့ခြင်းမရှိကြောင်း သိရှိရပါတယ်။ လွှတ်တော်ကိုယ်စားလှယ်တော်ကြီး မေးမြန်းတဲ့အခါကျတော့မှသာ ဒီကုမ္ပဏီသည် သစ်တောကြိုးဝိုင်းနယ်မြေထဲမှာ ရောက်ရှိပြီးတော့မှ သစ်တောကြိုးဝိုင်းနယ်မြေထဲမှာ တူးဖော်နေတဲ့အကြောင်းကို ကျွန်တော်တို့ သိရှိရပါတယ်။ ဒီလိုတားမြစ်စာနှင့်ပတ်သက်ပြီးတော့မှ လွှတ်တော်ကိုယ်စားလှယ်တော်ကြီးရဲ့ မေးမြန်းချက်မေးခွန်းရတာနဲ့ ကျွန်တော်တို့ ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် သစ်တောရေးရာဝန်ကြီးဌာနနှင့် မေးမြန်းဆောင်ရွက်ခဲ့ပါတယ်။ အဲဒီလိုမေးမြန်းဆောင်ရွက်ခဲ့တဲ့အခါမှာ ဒီသစ်တောကြိုးဝိုင်းသည် ကသာခရိုင် သစ်တောဦးစီးဌာနကနေပြီး ဒီသူရောင်မှော်လုပ်ကွက်နေရာမှာ ၁၉၁၉ ခုနှစ် နှစ်များစွာကြာခဲ့ပါပြီ။ ဇူလိုင်လ ၃ ရက်နေ့ ရက်စွဲပါ အမိန့်ကြော်ငြာစာအမှတ် ၁၃၆ နဲ့ သတ်မှတ်ခဲ့တဲ့ မျောက်လေးကန်ကြိုးဝိုင်းအတွင်းမှာ ကျရောက်နေတဲ့အကြောင်း ကျွန်တော်တို့ သိရှိခဲ့ရတာဖြစ်ပါတယ်။ ဒီဖြစ်စဉ်မှာ ပြန်ကြည့်ရင် ဦးကြယ်ဝင်းကပဲ

၂၀၀၉ ခုနှစ်မှာ ယခင်အစိုးရကာလ လက်ထက်ဖြစ်ပါတယ်။ သူ့အနေနဲ့ သွားရောက်စစ်ဆေးပြီးတော့မှ ဒါကန့်သတ်ချက်တွေနဲ့ ကင်းလွတ်တယ်ဆိုပြီးတော့မှ လက်မှတ်ထိုးခဲ့ပါတယ်။ တစ်ခါ အခု ဦးဝင်းချိုက သစ်တောကြိုးဝိုင်းနယ်ထဲမှာ ရောက်တဲ့အတွက်ကြောင့်မို့လို့ လုပ်ငန်းရပ်ပါဆိုပြီးတော့ တားမြစ်ခိုင်းပါတယ်။ ဒီလက်မှတ်နှစ်ခု၊ ကန့်ကွက်ချက်နှစ်ခုဟာ တစ်ခုနှင့်တစ်ခု ဆန့်ကျင်ဘက်သဘော ဆောင်ပါတယ်။ ဒါ့ကြောင့် ကျွန်တော်တို့လည်း သက်ဆိုင်ရာပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် သစ်တော ရေးရာဝန်ကြီးဌာနနှင့် ကျွန်တော်တို့ ဒါပြန်လည်ပြီးတော့မှ ညှိနှိုင်းကြတာဖြစ်ပါတယ်။

ဒီလိုညှိနှိုင်းတဲ့ ဖေဖော်ဝါရီလ ၁၉ ရက်နေ့မှာ ကျွန်တော်တို့ဆီက စာနဲ့ အကြောင်းကြားပါ တယ်။ ဒီနေ့ ဧပြီလ ၉ ရက်နေ့ထိ ရောက်ပါတယ်။ နယ်မြေထိအောင်ဆင်းပြီးတော့မှ ဒီပြဿနာရဲ့ အရင်းအမြစ် ဘာကြောင့်ဒီလိုဖြစ်ရတယ်ဆိုတဲ့ဟာကို ဖော်ထုတ်ကြတဲ့အခါမှာ ၁၉၁၉ ခုနှစ်ကတည်းက သစ်တောကြိုးဝိုင်းဖြတ်လို့မရပါဘူး။ ဒီတာဝန်ခံပြီး လက်မှတ်ထိုးခဲ့တဲ့ ဦးကြယ်ဝင်းအနေနဲ့ သဘော သဘာဝကို နားမလည်လို့ လက်မှတ်ထိုးတယ်လို့ပဲ ဒီလိုသဘောထားတွေ့ပါတယ်။ အဲဒါနှင့် ပတ်သက် ပြီးတော့ ဒီနေ့ပဲ ကျွန်တော်တို့ဆီကို ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် သစ်တောရေးရာဝန်ကြီးဌာနက သဘောသတ်မှတ်ချက်ပြန်ကြားပါတယ်။ ဒီပြန်ကြားချက်လေးကို ကျွန်တော် Power Point မှာ တင်ပြ ထားပါတယ်။ ဒါလေးကလည်း မေးတဲ့မေးခွန်းထဲမှာ ဒါအဓိကကျတဲ့မေးခွန်းလေးဖြစ်တဲ့အတွက် ကြောင့် ဒါလေးကို ကျွန်တော် ပြည်သူ့လွှတ်တော်ဒုတိယဥက္ကဋ္ဌကြီးမှတစ်ဆင့် ကျွန်တော် ရှင်းလင်း တင်ပြခွင့်ပြုပါ။

စစ်ကိုင်းတိုင်းဒေသကြီး၊ အင်းတော်မဲဆန္ဒနယ်၊ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးကျော်နိုင်ငွေးရဲ့ မေးခွန်းအပေါ်မှာ ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် သစ်တောရေးရာဝန်ကြီးဌာနရဲ့ သဘောထားသတ်မှတ်ချက် ပြန်ကြားခြင်း၊ အပိုဒ် ၁ မော်လူး၊ မော်ဟန် ရတနာနယ်မြေအတွင်းရှိ သူရောင်မှော်ဒေသတွင် ခူဝံကြယ်ကျောက်မျက်ကုမ္ပဏီက တူးဖော်နေသောနေရာသည် မျောက်လေး တန်သစ်တောကြိုးဝိုင်းအကွက်အမှတ် ၅၁ အတွင်းမှာ ကျရောက်ပါတယ်။ အပိုဒ် ၂ သစ်တောကြိုးဝိုင်း များအတွင်း ကျောက်မျက်ရတနာအပါအဝင် သတ္တုတူးဖော်ခြင်းကို သတ္တုတွင်းဝန်ကြီးဌာနမှ ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့်သစ်တောရေးရာဝန်ကြီးဌာနများသို့ သဘောထားမှတ်ချက်ပြန်ကြား ပေးရန် ညှိနှိုင်းအကြောင်းကြားလာပါက သစ်တောကြိုးဝိုင်း၊ ကြိုးပြင်ကာကွယ်တော၊ သဘာဝ နယ်မြေများအတွင်းကျရောက်မှုအခြေအနေ၊ သဘာဝသစ်တောနှင့် သစ်တော၊ သစ်ပင်များ

ပေါက်ရောက်မှုအခြေအနေ နမူနာအကွက်များချမှတ်ပြီးတစ်ဧကမှာ လုံးပတ်တစ်ပင်နှင့်အထက်ပြ မှတ်ပြုမှုပြင်ဆင်ရင်း သစ်တောစိုက်ခင်းနှင့် သစ်ထုတ်ဧရိယာများ၊ မြစ်၊ ချောင်း၊ ဆည်၊ ရေလှောင် တမံများနှင့် ရေလှောင်တမံများရဲ့ ရေဝေရေလဲဧရိယာ အတွင်းမှာကျရောက်မှု တူးဖော်မည့်ဧရိယာနှင့် ပတ်ဝန်းကျင်ရှိ မြေအသုံးချမှု စာရင်းနဲ့ တည်နေရာပြမြေပုံစသည်တို့ကို စနစ်တကျ ကွင်းဆင်း စစ်ဆေးပြီး ကန့်သတ်ချက်များနှင့်လွတ်ကင်းပါက သဘာဝပတ်ဝန်းကျင်နှင့် မြေဆီလွှာတိုက်စား ပျက်စီးမှုမရှိသည့် နည်းစနစ်များဖြင့် တူးဖော်ခွင့်ကို စည်းကမ်းချက်များသတ်မှတ်၍ တစ်နှစ်ချင်းစီ စာချုပ်ချုပ်ဆိုခွင့်ပြုပါသည်။

အပိုဒ် ၃ ဓူဝံကြယ်ကျောက်မျက်ကုမ္ပဏီမှ တူးဖော်နေသော သူရောင်မှော်လုပ်ကွက်ဧရိယာ သည် မျောက်လေးတန်သစ်တောကြိုးဝိုင်းအတွင်းကျရောက်ခဲ့သော်လည်း အထက်အပိုဒ် ၂ တွင် ဖော်ပြပါ ကန့်သတ်ချက်များနှင့် လွတ်ကင်းပါသဖြင့် သတ္တုတွင်းဝန်ကြီးဌာန၏ ခွင့်ပြုချက်ရရှိပါက ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် သစ်တောရေးရာဝန်ကြီးဌာနအနေဖြင့် သတ်မှတ်ထားသည့် စည်းမျဉ်း စည်းကမ်းများနှင့်အညီ ဓူဝံကြယ်ကျောက်မျက်ကုမ္ပဏီနှင့် စာချုပ်ချုပ်ဆိုခွင့်ပြုသွားမည်ဖြစ်ကြောင်း ပြန်ကြားပါသည်ဆိုပြီးတော့ ဒီနေ့ပဲကျွန်တော်တို့ ဝန်ကြီးဌာနကို သဘောထားပြန်ကြားခဲ့ပါတယ်။ ဒီသဘောထား ပြန်ကြားချက်ကို ကြည့်မယ်ဆိုရင် ပထမလုပ်ကိုင်ခွင့်ကို ၂၀၀၉-၂၀၁၀ က ခွင့်ပြု ခဲ့တာဖြစ်ပြီး အဲဒီတုန်းက စိစစ်ချက်အပေါ်မှာ ၂၀၁၄ ခုနှစ်၊ စက်တင်ဘာလ ၁ ရက်နေ့မှာ ပြန်လည်ပြီးတော့မှ လုပ်ကိုင်ခွင့်ပြုတဲ့အတွက်ကြောင့်မို့လို့ နောက်ပိုင်းတာဝန်ယူကြတဲ့ သစ်တောဦးစီး ဌာနဝန်ထမ်းများအနေနဲ့ ကြိုးဝိုင်းအတွင်းမှာကျရောက်တဲ့ဟာကို ဖော်ထုတ်ပြီးတော့မှ သတိပေးခဲ့တာ ဖြစ်မယ်လို့ ကျွန်တော်တို့ ယူဆပါတယ်။ ဒီသဘောထားပြန်ကြားချက်အရ ကြည့်မယ်ဆိုလို့ရှိရင်လည်း ဒီကန့်သတ်ချက်အနေနဲ့ လွတ်ကင်းတဲ့အတွက်ကြောင့်မို့လို့ ကုမ္ပဏီတွေကို လုပ်ကိုင်ခွင့်ပြုရမယ်။ သို့သော် သစ်တောကြိုးဝိုင်းထဲမှာ ကျတဲ့အတွက်ကြောင့်မို့လို့ ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် သစ်တောရေးရာဝန်ကြီးဌာနနဲ့ တရားဝင်စာချုပ်တွေချုပ်ပြီးတော့မှ ဆောင်ရွက်ရမယ်ဆိုတဲ့ သဘောကို ပြန်ကြားတာဖြစ်ပါတယ်။

ပြည်သူ့လွှတ်တော် ဒုတိယဥက္ကဋ္ဌကြီးခင်ဗျား။ စစ်ကိုင်းတိုင်းဒေသကြီး၊ အင်းတော်မြို့နယ် ဘူရောင်းကျေးရွာအနီးမှာရှိတဲ့ သူရောင်မှော် ဖော်ထုတ်လုပ်ကွက်များသည် မော်လူး၊ မော်ဟန် ရတနာနယ်မြေအတွင်းမှာပါရှိပြီး ကန့်သတ်ချက်များနှင့် လွတ်ကင်းကြောင်း စစ်ဆေးတွေ့ရှိရပါတယ်။

အလားတူပဲ မြန်မာ့ကျောက်မျက်ရတနာ ဥပဒေ၊ နည်းဥပဒေများနှင့်အညီ သတ္တုတွင်းဝန်ကြီးဌာနက လုပ်ကွက်နေရာချထားပေးပိုင်ခွင့်ရှိပြီးတော့မှ သက်ဆိုင်ရာတိုင်းဒေသကြီးနှင့် ပြည်နယ်အစိုးရအဖွဲ့ရဲ့ ခွင့်ပြုချက်ရယူရန်လည်း မလိုအပ်ဘူးဆိုတာကို တွေ့ရပါတယ်။ နောက်တစ်ခုကတော့ ဒီလုပ်ငန်းဟာ လူ/စက်ကိရိယာများနှင့် လုပ်ကိုင်ခွင့်ပြုတဲ့လုပ်ငန်းလည်းဖြစ်ပါတယ်။ ရတနာနယ်မြေအတွင်းမှာ ကျရောက်တဲ့ကုမ္ပဏီဖြစ်တဲ့အတွက်ကြောင့်မို့လို့ ကျွန်တော်တို့ရဲ့ လုပ်ကိုင်ခွင့်ပြုထားခြင်းသည် တရားဝင်လုပ်ကိုင်ခွင့်ပြုထားခြင်းသာဖြစ်ကြောင်း ဖြေကြားအပ်ပါတယ်။

လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဒုတိယဥက္ကဋ္ဌကြီးခင်ဗျား။ စစ်ကိုင်းတိုင်းဒေသကြီး အစိုးရအဖွဲ့ကလည်း ဒီမေးခွန်းနှင့် ပတ်သက်ပြီးတော့ ဖြေကြားချက်များကို ကျွန်တော်တို့ဆီကို ပေးပို့ထားပါတယ်။ ကျွန်တော်တို့ ဝန်ကြီးဌာနရဲ့ ဖြေကြားချက်နှင့်အတူ ကျွန်တော်တင်ပြထားပါတယ်။ ဝန်ကြီးဌာနရဲ့အဖြေနဲ့လည်း တစ်သဘောတည်းဖြစ်တာကြောင့်မို့လို့ အချိန်ကို လေးစားသောအားဖြင့် ထပ်မံဖြေကြားခြင်းမပြုတော့ပါကြောင်း ပြည်သူ့လွှတ်တော်ဒုတိယဥက္ကဋ္ဌကြီးမှတစ်ဆင့် လေးစားစွာ တင်ပြအပ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်။

**ဦးကျော်နိုင်ဌေး(အင်းတော်မဲဆန္ဒနယ်)**။ ။ဒုတိယဥက္ကဋ္ဌကြီးနှင့် အားလုံး ကျွန်တော့်အနေနဲ့ တင်ပြစရာလေးတွေရှိပါတယ်။ ထပ်ဆင့်မေးခွန်းပါခင်ဗျား။ ဒီထပ်ဆင့်မေးခွန်းမမေးခင်မှာ ကျွန်တော် အထူးတလည်တင်ပြလိုတာကတော့ ကျွန်တော် ခုနက ပြည်ထောင်စုဝန်ကြီးဖြေရှင်းပြတဲ့အချိန်မှာ ကျွန်တော်တို့ ဒီရတနာနယ်မြေဟာ တရားဝင်သတ်မှတ်ထားတဲ့ မော်လူး၊ မော်ဟန် ရတနာမြေလို့ ပြောပါတယ်။ မော်လူး၊ မော်ဟန် ရတနာမြေဆိုပြီးတော့လည်း ကျွန်တော်တို့ (မိုးညှင်း)လို့လည်း ခေါ်ကြပါတယ်။ ဒါတည်နေရာဒေသကို ပြတဲ့အဓိပ္ပာယ်ပါ။ ဒီနေရာမှာ အကျယ်ချဲ့ပြီး ကျွန်တော် ရှင်းပြလိုတာကတော့ ကျွန်တော်တို့ မော်လူး၊ မော်ဟန်ဆိုတာဟာ တကယ်တော့ မော်ဟန်ဆိုတာက ကချင်ပြည်နယ်၊ မိုးညှင်းမြို့နယ်ထဲမှာ ကျရောက်နေပါတယ်။ မော်လူးဆိုတာက ကျွန်တော်တို့ စစ်ကိုင်းတိုင်းဒေသကြီးရဲ့ အင်းတော်မြို့နယ်ထဲမှာ ကျရောက်နေပါတယ်။ ဒေသနှစ်ခုက ဆက်စပ်နေပြီးတော့မှ အများသဖြင့် တော်တော်မှားလေ့ရှိကြပါတယ်။ ဥပမာ- အင်းတော်ကြီးအိုင်ဆိုရင် ကျွန်တော်တို့ အင်းတော်မြို့မှာရှိတယ်လို့ အောက်မေ့ပါတယ်။ တကယ်က မိုးညှင်းမြို့နယ်ထဲမှာရှိတာပါ။ သို့သော်လည်းပဲ အင်းတော်ကြီးအိုင်ကဲ့သို့ အိုင်မျိုး ကျွန်တော်တို့ အင်းလေးအိုင်ပြီးလို့ရှိရင် တတိယအကြီးဆုံးဖြစ်တဲ့အိုင်တစ်အိုင်ကလည်း ကျွန်တော်တို့ အင်းတော်မြို့မှာရှိနေပြန်ပါတယ်။ ဒါမှားချင်စရာအချက်

တွေ့ပါ။ အခုလည်းပဲ ကျွန်တော်တို့က မော်လူး၊ မော်ဟန်ရတနာမြေလို့ ဆိုလိုက်ပေမယ့် မြို့နယ်နှစ်မြို့နယ်ကို ခွနေတဲ့ရတနာမြေဖြစ်နေပါတယ်။ ဒီအခါမှာ ဝန်ကြီးက ရှင်းပြတဲ့ဆီမှာ ကျွန်တော်တို့ မြေပြင်ကွင်းဆင်းစစ်ဆေးရေးအဖွဲ့များက စစ်ဆေးပြီးမှ ဒီဟာသည် ရတနာမြေအဖြစ်နဲ့ ဖော်ထုတ်လုပ်ကိုင်သတ်မှတ်လို့ရတယ်ဆိုတာကို ရှင်းပြသွားတာ ကျွန်တော်မှတ်သားရပါတယ်။ ဒီနေရာမှာ အဲဒီမြေပြင်ကွင်းဆင်းစစ်ဆေးရေးအဖွဲ့ဆိုတဲ့နေရာမှာ ကျွန်တော်တို့ မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ မြို့နယ်မြေစာရင်းဦးစီးဌာန၊ မြို့နယ်စိုက်ပျိုးရေးဦးစီးဌာန၊ မြို့နယ်သစ်တောဦးစီးဌာန၊ မြို့နယ်စည်ပင်သာယာရေးဦးစီးဌာန အစရှိသဖြင့် မြို့နယ်မှာရှိတဲ့ တာဝန်ရှိတဲ့ပုဂ္ဂိုလ်များပါတဲ့ ဒါမြေပြင်ကွင်းဆင်းစစ်ဆေးရေးအဖွဲ့ဆိုတာ ဖွဲ့ထားတယ်ဆိုတာ ကျွန်တော်သိရပါတယ်။ ဒီနေရာမှာ ကျွန်တော်တို့ပြောပြစရာ ရှိလာပါတယ်။ အခုကွင်းဆင်းစစ်ဆေးတဲ့အဖွဲ့သည် မိုးညှင်းမြို့နယ်က ဌာနဆိုင်ရာများပါဝင်တဲ့ ကွင်းဆင်းစစ်ဆေးရေးအဖွဲ့လား။ ကျွန်တော်တို့ စစ်ကိုင်းတိုင်းဒေသကြီး၊ အင်းတော်မြို့နယ်က မြို့နယ် အာဏာပိုင်များပါရှိတဲ့ မြေပြင်ကွင်းဆင်းစစ်ဆေးရေးအဖွဲ့လားဆိုတဲ့ မေးစရာပေါ်လာပါတယ်ခင်ဗျား။ ဒါကြောင့် ဒီကျွန်တော်တို့ သူရောင်လုပ်ကွက်နှင့်ပတ်သက်ပြီးတော့ မြေပြင်ကွင်းဆင်းစစ်ဆေးရေးအဖွဲ့ဆိုတာဟာ ဘယ်မြို့နယ်က မြေပြင်ကွင်းဆင်းစစ်ဆေးရေးအဖွဲ့လည်းဆိုတာကို သိလိုပါတယ်ခင်ဗျား။ ကျေးဇူးပြုပြီး ဖြေကြားပေးပါခင်ဗျား။

**ဦးသန်းထွန်းအောင်(ဒုတိယဝန်ကြီး၊ သတ္တုတွင်းဝန်ကြီးဌာန)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဒုတိယဥက္ကဋ္ဌကြီးခင်ဗျား။ ကိုယ်စားလှယ်တော်ကြီးမေးမြန်းတဲ့မေးခွန်းဟာ အင်မတန်မှလည်း မေးသင့်တဲ့မေးခွန်းလည်း ဖြစ်ပါတယ်။ ကျွန်တော်တို့ Slide မြေပုံလေးပြန်ပြီးတော့ ထိုးပြပေးပါခင်ဗျား။ အဲဒီမှာ ရတနာနယ်မြေ Slide မြေပုံဖြစ်ပါတယ်။ Slide နံပါတ် ၆ ဖြစ်ပါတယ်။ အဲဒီ မြေပုံသည် မော်လူး၊ မော်ဟန်ရတနာမြေ ဖြစ်ပါတယ်။ အဲဒီတော့ စောစောက ကျွန်တော်တင်ပြခဲ့တဲ့ ကိုယ်စားလှယ်များစာရင်းသည် သက်ဆိုင်ရာမြို့နယ်တွေကနေပြီးတော့မှ ကိုယ်စားလှယ်အဖြစ်နဲ့ ကျွန်တော်တို့ ခေါ်ယူပြီးတော့မှ စစ်ဆေးတဲ့စာရင်းဖြစ်ပါတယ်။ ဒါသည် ကျွန်တော် အဲဒီမှာဆိုလို့ရှိရင် အားလုံးပေါင်း ရှစ်ဖွဲ့ဖြစ်ပါတယ်။ ရှစ်ဌာနက ကိုယ်စားလှယ်တွေ ဖြစ်ပါတယ်။ အဲဒီတော့ ကျွန်တော် အခု တင်ပြခဲ့တဲ့မြေပုံသည် ကိုယ်စားလှယ်တော်ကြီးပြောသလို စစ်ကိုင်းတိုင်းဒေသကြီးနယ်မြေထဲမှာလည်းပါတယ်။ ကချင်ပြည်နယ်နယ်မြေထဲမှာလည်းပါတယ်။ ဒီလိုဖြစ်ကောင်းဖြစ်နိုင်ပါတယ်။ သို့သော် ကျွန်တော်တို့ဝန်ကြီးဌာနအနေနဲ့ကတော့ ရတနာနယ်မြေသတ်မှတ်တဲ့အခါမှာ စစ်ကိုင်းတိုင်းဒေသကြီးနယ်မြေနဲ့ပဲဖြစ်ဖြစ်၊ ကချင်ပြည်နယ်နယ်မြေနဲ့ပဲဖြစ်ဖြစ်၊ ဒီဒေသက ရတနာထွက်ရှိတယ်။

ရတနာနယ်မြေအဖြစ်နဲ့ သတ်မှတ်ဖို့လိုအပ်တယ်ဆိုရင် ကျွန်တော်တို့ ရတနာနယ်မြေအဖြစ် သတ်မှတ်ရမှာဖြစ်ပါတယ်။ ဒီလိုသတ်မှတ်တဲ့အခါမှာ စစ်ကိုင်းတိုင်းဒေသကြီးနယ်မြေထဲမှာရှိတဲ့ မြေများကို စစ်ကိုင်းတိုင်းဒေသကြီးနယ်မြေထဲမှာရှိတဲ့ သက်ဆိုင်ရာကိုယ်စားလှယ်တွေနဲ့ ကျွန်တော်တို့ သွားရောက်ပြီးတော့မှ တိုင်းတာတာဖြစ်ပြီး ကချင်ပြည်နယ်ထဲမှာ ကျရောက်နေတဲ့မြေဖြစ်နေလည်း ကချင်ပြည်နယ်ဒေသမှာရှိတဲ့ ကချင်ပြည်နယ်မှာရှိတဲ့ ကိုယ်စားလှယ်များနဲ့ ကျွန်တော်တို့ တိုင်းတာသွားကြတာ ဖြစ်ပါတယ်။ မြေပြင်မှာ ဒီတိုင်းပဲဆောင်ရွက်ပါမယ်။ နယ်စပ်မျဉ်းခြားနားပြီးတော့မှ နယ်စပ်မျဉ်းရဲ့ မိမိဘက်ခြမ်း၊ နယ်စပ်မျဉ်းရဲ့ အခြားဘက်ခြမ်း ဒါတွေကို သက်ဆိုင်ရာကိုယ်စားလှယ်များရဲ့ စိစစ်ချက်နဲ့ ကျွန်တော်တို့ ဝန်ကြီးဌာနကို ရောက်တဲ့အခါမှာ ပြန်လည်စိစစ်ပါတယ်။ အဲတော့ ကိုယ်စားလှယ်တော်ကြီးမေးမြန်းတဲ့ မေးခွန်းပါအချက်များနှင့် ပတ်သက်ပြီးတော့ သက်ဆိုင်ရာတိုင်းဒေသကြီးနယ်မြေအလိုက်၊ သက်ဆိုင်ရာပြည်နယ်ရဲ့နယ်မြေအလိုက်၊ သက်ဆိုင်ရာကိုယ်စားလှယ်များနှင့် စစ်ဆေးခဲ့တာဖြစ်ကြောင်းနှင့် ယခု ၂၀၀၉ ခုနှစ် စစ်ဆေးခဲ့တဲ့ ဖြစ်စဉ်ကတော့ ယခင်အစိုးရလက်ထက်မှာ ဆောင်ရွက်ခဲ့တာဖြစ်ပါကြောင်း ကိုယ်စားလှယ်တော်ကြီးသိရှိနိုင်ပါရန် ပြည်သူ့လွှတ်တော်ဒုတိယဥက္ကဋ္ဌကြီးမှတစ်ဆင့် လေးစားစွာတင်ပြအပ်ပါတယ်။ ကျေးဇူးတင်ပါတယ်။

**ရခိုင်ပြည်နယ်၊ ကျောက်တော်မြို့နယ်မှ ချင်းပြည်နယ်၊ ပလက်ဝမြို့နယ်သို့ မဟာဓာတ်အားလိုင်း သွယ်တန်းပေးရန်အစီအစဉ်ရှိ/မရှိနှင့် စပ်လျဉ်းသည့်မေးခွန်း**

**ဒုတိယဥက္ကဋ္ဌ**။ ။ ကျေးဇူးတင်ပါတယ်။ ဦးပိုက်လင်း၊ ပလက်ဝမဲဆန္ဒနယ်မှ မေးမြန်းဖို့ဖြစ်ပါတယ်။

**ဦးပိုက်လင်း(ပလက်ဝမဲဆန္ဒနယ်)**။ ။ လေးစားအပ်ပါသော ဒုတိယဥက္ကဋ္ဌနှင့် ယနေ့ရောက်ရှိလာတဲ့ကိုယ်စားလှယ်၊ ဧည့်သည်တော်များကို မင်္ဂလာပါဟု ကျွန်တော်မိတ်ဆက်ဂါရဝပြုပါတယ်။ ကျွန်တော်ကတော့ ပလက်ဝမဲဆန္ဒနယ်က ကိုယ်စားလှယ် ဦးပိုက်လင်းဖြစ်ပါတယ်။ ကျွန်တော်တို့ ပလက်ဝမြို့နယ်ဟာ မြောက်ပိုင်းမှာဆိုရင် အိန္ဒိယနိုင်ငံ၊ အနောက်ဘက်ဆိုရင် ဘင်္ဂလားဒေ့ရှ်၊ တောင်ဘက်ဆိုရင် ရခိုင်ပြည်နယ်၊ ကျောက်တော်မြို့နှင့်နီးစပ်ပါတယ်။ ကျောက်တော်မြို့နှင့်ဆိုရင် ကျွန်တော်တို့ပလက်ဝဟာ ရေလမ်းအားဖြင့် မိုင် ၄၀ ရှိတယ်။ ကုန်းပေါ်ကားလမ်းအားဖြင့်ဆိုရင် ၃၃ မိုင်ပဲရှိပါတယ်။ အခုအခါမှာ ကျွန်တော်တို့ ဒီမဟာဓာတ်အားလိုင်းသည် ရခိုင်ပြည်နယ် မြို့အားလုံးအပြင် ကျောက်တော်ကိုလည်းရောက်နေပါတယ်။ ဒါကြောင့် ကျွန်တော်တို့ ကျောက်တော်ကတစ်ဆင့်

ပလက်ဝမြို့ကို သွယ်တန်းနိုင်ဖို့ ကျွန်တော်မေးမြန်းခြင်းဖြစ်ပါတယ်။ ကျွန်တော်တို့ ပလက်ဝမြို့မှာ မြို့ပေါ်ရပ်ကွက်များအပြင် အရှေ့ဘက်မှာ ခလရ(၂၈၉) တပ်ရှိပါတယ်။ နောက် အိန္ဒိယ-မြန်မာ အေးရှားဆိုတဲ့သဘော်ာဆိပ်လည်း အခုဆောက်လုပ်ပြီးအလုပ်ဖြစ်နေပါတယ်။ နောက် ကျွန်တော်တို့ မြို့အနီးအနား အခု ကျောက်တော်- ပလက်ဝလမ်းတစ်လျှောက်မှာလည်း ကျေးရွာတွေဟာ အများကြီးရှိပါတယ်။ ဒါကြောင့် ပလက်ဝပြည်သူများက ကျွန်တော့်ကို လွှတ်တော်ကတစ်ဆင့် မဟာဓာတ်အားလိုင်းလုပ်ပေးဖို့ အစိုးရကို လွှတ်တော်ကတစ်ဆင့်မေးပါဆိုလို့ မေးရခြင်းဖြစ်ပါတယ်။ လုပ်ပေးမယ့်အစီအစဉ်ရှိ/မရှိကိုလည်း သိလိုပါကြောင်း ကျွန်တော်နိဂုံးချုပ်ပါတယ်။ အားလုံးကျေးဇူးတင်ပါတယ်။

**ဒုတိယဥက္ကဋ္ဌ။** ။ သက်ဆိုင်ရာပြည်ထောင်စုဝန်ကြီးဌာနက ဖြေကြားရန်ဖြစ်ပါတယ်။

**ဖြေကြားချက်**

**ဦးအောင်သန်းဦး(ဒုတိယဝန်ကြီး၊ လျှပ်စစ်စွမ်းအားဝန်ကြီးဌာန)။** ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဒုတိယဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်ကြီးများအားလုံး မင်္ဂလာအပေါင်းနှင့်ပြည့်စုံကြပါစေ။ ကျွန်တော်ကတော့ လျှပ်စစ်စွမ်းအားဝန်ကြီးဌာနမှ ဒုတိယဝန်ကြီး ဦးအောင်သန်းဦး ဖြစ်ပါတယ်။ ကျွန်တော့်အနေနဲ့ ချင်းပြည်နယ်၊ ပလက်ဝမဲဆန္ဒနယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးပိုက်လင်း၏ မေးမြန်းတဲ့ ကြယ်ပွင့်ပြမေးခွန်းအပေါ်မှာ ရှင်းလင်းတင်ပြဖြေကြားသွားမှာဖြစ်ပါတယ်။ လျှပ်စစ်စွမ်းအားဝန်ကြီးဌာနဟာ ရခိုင်ပြည်နယ်အတွင်းမှာရှိတဲ့ ပြည်သူလူထုအတွက် နိုင်ငံတော်ဓာတ်အားစနစ်က ဓာတ်အားကို ၂၀၁၄ ခုနှစ် ဒီဇင်ဘာလအတွင်းမှာ ပို့လွှတ်ဖြန့်ဖြူးပေးခဲ့ပြီးဖြစ်ပါတယ်။ ကျောက်တော်ဒေသကိုတော့ ပုဏ္ဏားကျွန်း-ကျောက်တော် ၆၆ ကေဗွီ ဓာတ်အားလိုင်းနှင့် ဓာတ်အားခွဲရုံစီမံကိန်းကိုတည်ဆောက်ပြီး ၃၀-၁၁-၂၀၁၄ ရက်နေ့မှာ ဓာတ်အားပို့လွှတ်ခဲ့ပါတယ်။ ချင်းပြည်နယ်၊ ပလက်ဝဒေသကို ကျောက်တော်မှတစ်ဆင့် ဓာတ်အားစနစ်ကနေ ဓာတ်အားဖြန့်ဖြူးပေးမယ်ဆိုရင် ကျောက်တော်မှပလက်ဝအထိ ၆၆ ကေဗွီ ဓာတ်အားလိုင်း ၃၅ မိုင်ခန့်နှင့် ပလက်ဝမြို့မှာ ၆၆/၁၁ ကေဗွီ ၅ MVA ဓာတ်အားခွဲရုံ တည်ဆောက်သွားရမှာဖြစ်ပါတယ်။ အဲဒီစီမံကိန်းအတွက် စုစုပေါင်းခန့်မှန်းတွက်ချက်မှုကုန်ကျစရိတ်ကတော့ ကျပ်သန်းပေါင်း ၆၈၃၀ ခန့်ဖြစ်ပါတယ်။ ကျောက်တော်-ပလက်ဝ ၆၆ KV ဓာတ်အားလိုင်းနှင့် ပလက်ဝဓာတ်အားခွဲရုံစီမံကိန်းကို နိုင်ငံတော်ရဲ့ဘဏ္ဍာငွေ ခွဲဝေပေးနိုင်မှုအခြေအနေအရ ၂၀၁၅-၂၀၁၆ ဘဏ္ဍာရေးနှစ်မှာ ပါဝင်ရန်ကြိုးစားခဲ့သော်လည်း အခြေအနေမပေးတဲ့အတွက် ထည့်သွင်းပါဝင်ခဲ့ခြင်းမရှိပါဘူး။ ဒါကြောင့်မို့လို့

နောင်လာမယ့် ဘဏ္ဍာရေးနှစ်များမှာ ထည့်သွင်းလျာထားပြီး ရန်ပုံငွေရရှိပါက ဆောင်ရွက်ပေးသွားမှာဖြစ်ပါကြောင်း ဖြေကြားအပ်ပါတယ်။ ကျေးဇူးတင်ပါတယ်ခင်ဗျား။

**ရှားတောမြို့နယ်တွင် ကုန်းမြင့်လယ်ယာဖော်ထုတ်ပေးပြီး လိုအပ်သောနည်းပညာ၊ မျိုးကောင်းမျိုးသန့်၊ အရင်းအနှီးများပံ့ပိုးပေးရန် အစီအစဉ်ရှိ/မရှိနှင့်စပ်လျဉ်းသည့်မေးခွန်း**

**ဒုတိယဥက္ကဋ္ဌ**။ ။ ရှားတောမဲဆန္ဒနယ်မှ ဒေါ်နန်းနွံမေးမြန်းဖို့ဖြစ်ပါတယ်။

**ဒေါ်နန်းနွံ(ရှားတောမဲဆန္ဒနယ်)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဒုတိယဥက္ကဋ္ဌကြီးနှင့် လွှတ်တော်ကိုယ်စားလှယ်များ၊ ပြည်ထောင်စုအဆင့်ပုဂ္ဂိုလ်များ၊ ဧည့်သည်တော်များအားလုံး ကျန်းမာရွှင်လန်းကြပါစေကြောင်း နှုတ်ခွန်းဆက်သဂါရဝပြုအပ်ပါတယ်ရှင်။ ကျွန်မကတော့ ကယားပြည်နယ်၊ ရှားတောမဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဒေါ်နန်းနွံဖြစ်ပါတယ်။ စီးပွားရေးဖွံ့ဖြိုးမှုနောက်ကျနေတဲ့ ကျွန်မတို့ရှားတောမြို့နယ်မှာ ကုန်းမြင့်လယ်ယာဖော်ထုတ်ပေးရေးနှင့် လယ်ယာစိုက်ပျိုးရေးအတွက် လိုအပ်ချက်များပံ့ပိုးပေးနိုင်ရေး မေးခွန်းမေးမြန်းလိုပါတယ်။ ရှားတောမြို့နယ်ဟာ တောတောင်ထူထပ်တဲ့ဒေသဖြစ်တဲ့အတွက်ကြောင့် စီးပွားရေးခက်ခဲပါတယ်။ မြို့နယ်အတွင်းရှိဒေသခံပြည်သူများရဲ့ အဓိကစိုက်ပျိုးရေးလုပ်ငန်းကတော့ လယ်ယာစိုက်ပျိုးရေးလုပ်ငန်းပဲဖြစ်ပါတယ်။ လယ်မြေထက် ယာမြေကပိုများပါတယ်။ မြို့နယ်ရဲ့အကျယ် အဝန်းဧက ၅ သိန်းကျော်ရှိပေမယ့်လည်း စိုက်ပျိုးမြေကတော့ ဧက ၈၀၀၀ ကျော်လောက်သာ ရှိပါတယ်။ ကျန်ရှိတဲ့မြေတွေကတော့ သစ်တောမြေများနဲ့ မြေလွတ်မြေရိုင်းများပဲဖြစ်ပါတယ်။ မြေယာမရှိတဲ့ ကျွန်မတို့ဆင်းရဲသားပြည်သူများအနေနဲ့လည်း စိုက်ပျိုးမြေအဖြစ်ဖော်ထုတ်ဖို့ရာမှာ အလွန်ပဲခက်ခဲလှပါတယ်။ လက်ရှိစိုက်ပျိုးနေတဲ့တောင်ယာများမှာလည်း မိသားစုဝမ်းစာဖူလုံရေးကိုပဲ အဓိကထားစိုက်ပျိုးနေရတဲ့ ရွှေ့ပြောင်းတောင်ယာများသာဖြစ်ပါတယ်။ နှစ်စဉ် ရွှေ့ပြောင်းခုတ်ထွင်ရတဲ့အတွက်ကြောင့်လည်း သစ်တောများပြုန်းတီးခြင်းများရှိပြီး ပတ်ဝန်းကျင်လည်းထိခိုက်မှုရှိလှပါတယ်။ ရှားတောမြို့နယ်အတွင်းမှာ သင့်လျော်တဲ့နေရာတွေမှာ အမြဲတမ်းစိုက်ပျိုးနိုင်တဲ့ ကုန်းမြင့်လယ်ယာဖော်ထုတ်ပေးနိုင်မယ်ဆိုရင်တော့ ဒေသခံပြည်သူများရဲ့လူမှုစီးပွားဘဝဟာ ပိုမိုတိုးတက်လာမှာဖြစ်ပါတယ်။ အဲဒါအပြင် လက်ရှိသမားရိုးကျစိုက်ပျိုးနေတဲ့ လယ်ယာများကိုလည်း မြှင့်တင်စိုက်ပျိုးနိုင်ရေးအတွက်ကို လိုအပ်သောနည်းပညာ၊ မျိုးကောင်းမျိုးသန့်များနှင့်အရင်းအနှီးများပံ့ပိုးပေးနိုင်ရေးကိုလည်း ပြည်သူများမှ တင်ပြလာကြပါတယ်။ သို့ပါ၍ ရှားတောမြို့နယ်အတွင်း ကုန်းမြင့်လယ်ယာဖော်ထုတ်ပေးပြီးတော့

လိုအပ်တဲ့နည်းပညာ၊ မျိုးကောင်းမျိုးသန့်နဲ့အရင်းအနှီးများ ပံ့ပိုးပေးရန်အစီအစဉ်ရှိ/မရှိကို ပြည်သူ့လွှတ်တော်ဒုတိယဥက္ကဋ္ဌကြီးမှတစ်ဆင့် လေးစားစွာ မေးမြန်းတင်ပြအပ်ပါတယ်ရှင်။ ကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ သက်ဆိုင်ရာ ပြည်ထောင်စုဝန်ကြီးဌာနက ဖြေကြားရန်ဖြစ်ပါတယ်။

**ဖြေကြားချက်**

**ဦးအုန်းသန်း(ဒုတိယဝန်ကြီး၊ လယ်ယာစိုက်ပျိုးရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဒုတိယဥက္ကဋ္ဌကြီးနှင့် လွှတ်တော်ကိုယ်စားလှယ်တော်ကြီးများ၊ ဧည့်သည်တော်များ မင်္ဂလာပါလို့ နှုတ်ခွန်းဆက်သဂါရဝပြုအပ်ပါတယ်။ ကျွန်တော်ကတော့ လယ်ယာစိုက်ပျိုးရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန၊ ဒုတိယဝန်ကြီး ဦးအုန်းသန်းဖြစ်ပါတယ်။ ကယားပြည်နယ်၊ ရှားတောမဲဆန္ဒနယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဒေါ်နန်းနွံရဲ့ ကြယ်ပွင့်ပြမေးခွန်းအပေါ်မှာ လယ်ယာစိုက်ပျိုးရေးနှင့်ဆည်မြောင်းဝန်ကြီးဌာနအနေနဲ့ ရှင်းလင်းဖြေကြားသွားမှာ ဖြစ်ပါတယ်။ လယ်ယာစိုက်ပျိုးရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန၊ စက်မှုလယ်ယာဦးစီးဌာနအနေနဲ့ ၂၀၀၂-၂၀၀၃ ဘဏ္ဍာရေးနှစ်မှစတင်ပြီးတော့ ချင်းပြည်နယ်နှင့်ရှမ်းပြည်နယ်များမှာ ကုန်းမြင့်လယ်ယာစီမံကိန်းရုံးလေးရုံးဖွင့်လှစ်ပြီး ကုန်းမြင့်လယ်ယာဖော်ထုတ်ရေးလုပ်ငန်းများကို ဆောင်ရွက်ခဲ့ပါတယ်။ ရှမ်းပြည်နယ်မှာ ၁၄၅၄၉ ဧက၊ ချင်းပြည်နယ်မှာ ၂၆၃၈ ဧက ဖော်ထုတ်ပေးခဲ့ပြီးဖြစ်ပါတယ်။ ကယားပြည်နယ်မှာ ကုန်းမြင့်လယ်ယာစီမံကိန်းရုံး ဖွင့်လှစ်နိုင်ခြင်းမရှိသေးပါ။ ၂၀၁၃-၂၀၁၄ ဘဏ္ဍာရေးနှစ်ကစတင်ပြီးတော့ အဆိုပါစီမံကိန်းရုံးလေးရုံးရဲ့ ကုန်းမြင့်လယ်ယာဖော်ထုတ်ရေးလုပ်ငန်းများကို ဒေသလိုအပ်ချက်များနှင့်လျော်ညီစွာ ထိထိရောက်ရောက် စီမံခန့်ခွဲဆောင်ရွက်နိုင်ဖို့အတွက် ပြည်ထောင်စုရန်ပုံငွေဖြင့် ဆောင်ရွက်ပေးခြင်းမပြုတော့ဘဲ သက်ဆိုင်ရာပြည်နယ်အစိုးရအဖွဲ့များသို့ လုပ်ငန်းနှင့်ဘတ်ဂျက်အပါအဝင် လွှဲပြောင်းပေးအပ်ပြီး ပြည်နယ်အစိုးရအဖွဲ့များမှ မိမိပြည်နယ်အတွင်း ဆောင်ရွက်ရမယ့်လုပ်ငန်းသတ်မှတ်ကာ လိုအပ်တဲ့ရန်ပုံငွေများ တောင်းခံပြီးတော့ ဆောင်ရွက်လျက်ရှိပါတယ်။ ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၁၈၈၊ ဇယား(၂)အရလည်း လယ်ယာကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးအတွက် သက်ဆိုင်ရာတိုင်းဒေသကြီးနှင့် ပြည်နယ်အစိုးရအဖွဲ့များမှ မြေပြင်အခြေအနေနှင့်ကိုက်ညီတဲ့ စီမံချက်များရေးဆွဲခြင်း၊ လိုအပ်တဲ့ရန်ပုံငွေများ တောင်းခံခြင်းအပါအဝင် လိုအပ်တဲ့ဥပဒေပြုခွင့်များလည်း လွတ်လပ်စွာဆောင်ရွက်ခွင့် ပြုထားပြီးဖြစ်ပါတယ်။

**မူကြမ်း**

ကယားပြည်နယ်အစိုးရအဖွဲ့အနေနဲ့လည်း ဒေသရဲ့ပကတိအခြေအနေအရ အမှန်လိုအပ်ချက်အပေါ် ကွင်းဆင်းစိစစ်ပြီးတော့ ပြည်နယ်အစိုးရရန်ပုံငွေနဲ့ ၂၀၁၄-၂၀၁၅ ဘဏ္ဍာရေးနှစ်မှာ ဒီမောဆိုမြို့နယ်မှာ ၁၀၀ ဧက၊ ဖရူးဆိုမြို့နယ်မှာ ၁၀၀ ဧကနှင့် မယ်စဲ့မြို့နယ်မှာ ၁၀၀ ဧက စုစုပေါင်း ၃၀၀ ဧကကို ကုန်းမြင့်လယ်ယာ ဖော်ထုတ်ဆောင်ရွက်လျက်ရှိပြီးတော့ ၂၀၁၅-၂၀၁၆ ဘဏ္ဍာရေးနှစ်တွေမှာလည်းပဲ ကယားပြည်နယ်အစိုးရရဲ့ လိုအပ်ချက်အရ ဘောလခဲမြို့နယ်မှာ ကုန်းမြင့်လယ်ယာ ၅၀ ဧကနှင့်ဒီမောဆိုမြို့နယ်မှာ ကုန်းမြင့်လယ်ယာ ၅၀ ဧက စုစုပေါင်း ကုန်းမြင့်လယ်ယာ ဧက ၁၀၀ ဖော်ထုတ်ရန် ကယားပြည်နယ်အစိုးရအဖွဲ့က ရွေးချယ်သတ်မှတ်ပြီး ပြည်နယ်အစိုးရရန်ပုံငွေ၌ ထည့်သွင်းရေးဆွဲထားကြောင်း သိရှိရပါတယ်။ ပြည်နယ်အစိုးရအနေဖြင့် ရှားတောမြို့နယ်ရဲ့ လိုအပ်ချက်များကိုရန်ပုံငွေ လာမယ့်နှစ်များမှာ ဆက်လက်တောင်းခံနိုင်ဖို့အတွက် တင်ပြဆောင်ရွက်သွားမှာ ဖြစ်ပါတယ်။ လယ်ယာစိုက်ပျိုးရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန၊ စိုက်ပျိုးရေးဦးစီးဌာနအနေနဲ့ မျိုးကောင်းမျိုးသန့်များကို ဖြန့်ဖြူးခြင်းမှာ ဒီနှစ်မိုးရာသီမှာ ပုလဲသွယ်စပ်မျိုး ၂၄၅ ကီလို၊ အထွက်ကောင်းစပါးမျိုး ၆၉၈ တင်း၊ အစေ့ထုတ်ပြောင်းစပ်မျိုး ၁၃၀၀ ကီလို၊ မြေပဲဆင်းပဒေသာ(၆) ၃၄၈ တင်း၊ နှမ်းဆင်းရတနာ(၃) ၁၈၇ တင်း၊ ပဲစင်းငုံငါးဆံ့ပဲ ၆ တင်းကို ရှားတောမြို့နယ်အတွင်းမှာ ဖြန့်ဖြူးပေးခဲ့ပြီးဖြစ်ပါတယ်။ ရှားတောမြို့နယ်အတွင်းမှာ ပညာပေးလုပ်ငန်းများကို ၂၀၁၄-၂၀၁၅ မိုးရာသီမှာ သိပ္ပံနည်းကျစိုက်နည်းစနစ် စံပြကွက် ၆၀ ဧကနှင့်ဆီထွက်သီးနှံ ဆင်းရတနာ-၃ နှမ်းစံပြကွက်တစ်ဧကကို ဆောင်ရွက်ခဲ့ပြီး စိုက်ပျိုးရေးနည်းပညာပေးသင်တန်း(၇)ကြိမ် ဆောင်ရွက်ခဲ့ရာတွင် တောင်သူပေါင်း ၁၅၄ ဦး တက်ရောက်ခဲ့ပါတယ်။ ၎င်းအပြင် ရှားတောမြို့နယ်အတွင်း စိုက်ပျိုးရေးဆိုင်ရာလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးအတွက် လိုအပ်တဲ့နည်းပညာနဲ့ မျိုးကောင်းမျိုးသန့်များကို ဆက်လက်ပံ့ပိုးကူညီဆောင်ရွက်ပေးသွားမည်ဖြစ်ပါကြောင်း ရှင်းလင်းဖြေကြားအပ်ပါတယ်။ အားလုံးကျေးဇူးတင်ပါတယ်။

**ဒေါ်နန်းနွံ(ရှားတောမဲဆန္ဒနယ်)**။ ။ ခွင့်ပြုပါရှင်။ ပထမအချက် ကျွန်မမေးချင်တာကတော့ အခုဟာဆိုလို့ရှိရင် ငြိမ်းချမ်းရေးအလင်းရောင်လည်း သန်းလာပါပြီ။ ပေါ်ထွန်းလာပြီဖြစ်ပါတယ်။ အဲဒါကြောင့်မို့လို့ ကျွန်မတို့ ဒီရှားတောမြို့နယ်အတွင်းမှာ ယခင်က အဖက်ဖက်သွားရောက်ပြီးတော့မှ ခိုလှုံနေထိုင်ကြရတဲ့ ဒေသခံပြည်သူတွေဟာ အခုဆိုလို့ရှိရင် ပြန်လည်ရောက်ရှိနေထိုင်လာကြတာဖြစ်ပါတယ်။ အဲဒီလိုရောက်ရှိလာတဲ့အခါမှာ သူတို့ရဲ့အဓိကစားဝတ်နေရေးအတွက် ရွှေ့ပြောင်းတောင်ယာခုတ်တဲ့လုပ်ငန်းကိုပဲ အဓိကလုပ်ကိုင်ကြရတဲ့အတွက်ကြောင့်မို့လို့ သစ်တောတွေဟာ ဒီထက်ပိုပြီးတော့မှ ပြုန်းတီးပြီး ပတ်ဝန်းကျင်ထိခိုက်မှုတွေ ပိုမိုများလာမှာလည်း စိုးရိမ်ရပါတယ်။ ပြီးတော့မှ

ဒီပြည်သူတွေအတွက် တကယ့်စီးပွားရေးဖွံ့ဖြိုးဖို့အတွက်ဆိုလို့ရှိရင် ခုနကတင်ပြတဲ့ ကုန်းမြင့်လယ်ယာကို မဖြစ်မနေဖော်ထုတ်ပေးဖို့အတွက်ကို ချက်ချင်းမဟုတ်ရင်တောင်မှ ရေရှည်စီမံချက်ထားပြီးတော့မှ ပြည်နယ်အစိုးရနဲ့ပြည်ထောင်စုဝန်ကြီးဌာနက ပူးပေါင်းပြီးတော့မှ စီစဉ်ပေးဖို့ အစီအစဉ်ရှိ/မရှိ။ နောက်တစ်ချက်ကတော့ ရှားတောမြို့နယ်အတွင်းမှာ အဓိကအားပြုစိုက်ပျိုးတာကတော့ နှမ်းဖြစ်ပါတယ်။ အဲဒါကြောင့်မို့လို့ ဒေသနဲ့ကိုက်ညီတဲ့နှမ်းမျိုးကောင်းတွေကို ပိုပြီးတော့မှ ဖြန့်ဖြူးပေးဖို့ အစီအစဉ်ရှိ/မရှိနှင့် နောက်ဆုံးတင်ပြချင်တာကတော့ မေးခွန်းမဟုတ်ပါဘူး။ ၂၀၁၄ ခုနှစ်၊ ပြည်ထောင်စုဘဏ္ဍာငွေအရအသုံးဆိုင်ရာ ဥပဒေအရ နိုင်ငံတော်သမ္မတရဲ့သီးသန့်ရန်ပုံငွေကနေပြီးတော့မှ ကျွန်မတို့ရှားတောမြို့နယ်အတွင်း ပျက်စီးလျက်ရှိတဲ့ ရေလှောင်ဆည် ၁၂ ခုအား အဆင့်မြှင့်တင်တည်ဆောက်ခြင်းအတွက် လယ်ယာစိုက်ပျိုးရေးနှင့်ဆည်မြောင်းဝန်ကြီးဌာနကနေတစ်ဆင့် ကျပ်သန်းပေါင်း ၁၆၉.၅ သန်းကို ခွင့်ပြုပေးတဲ့အတွက်ကြောင့် အထူးပဲကျေးဇူးတင်ရှိပါကြောင်း တင်ပြအပ်ပါတယ်ရှင်။ ကျေးဇူးတင်ပါတယ်။

**ဦးအုန်းသန်း(ဒုတိယဝန်ကြီး၊ လယ်ယာစိုက်ပျိုးရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန)။** ။ လေးစားအပ်ပါသော ဒုတိယဥက္ကဋ္ဌကြီးခင်ဗျား။ ကုန်းမြင့်လယ်ယာဖော်ထုတ်ရေးကိစ္စနှင့်ပတ်သက်လို့ စောစောက ကျွန်တော်ရှင်းပြသလို လိုအပ်တဲ့ဘတ်ဂျက်ရန်ပုံငွေကိစ္စများကို သက်ဆိုင်ရာပြည်နယ်အစိုးရရဲ့ရန်ပုံငွေကနေ ဆက်လက်တောင်းခံစေပြီးတော့ ဖော်ထုတ်မယ့်နည်းပညာများကိုတော့ ကျွန်တော်တို့ပြည်ထောင်စုဝန်ကြီးဌာနအနေနဲ့ စက်ပစ္စည်းနဲ့နည်းပညာများကို ပံ့ပိုးကူညီဆောင်ရွက်သွားမှာဖြစ်ပါတယ်။ ဒုတိယထပ်ဆင့်မေးခွန်းဖြစ်တဲ့ ရှားတောမြို့နယ်ရဲ့ အဓိကစိုက်ပျိုးသီးနှံတွေဖြစ်တဲ့ ဒီနေ့ ရှားတောမြို့နယ်မှာဆိုရင် ဒီနှစ် စပါးက ၂၉၀၀ ဧက၊ အစေ့ထုတ်ပြောင်းက ၂၆၀ ဧက၊ မြေပဲက ၂၂၃ ဧက၊ နှမ်းက ၂၈၄၁ ဧကနဲ့ ပဲမျိုးစုံ ၁၁၆ ဧက စိုက်ပျိုးထားတာဖြစ်ပါတယ်။ စောစောက လွှတ်တော်ကိုယ်စားလှယ်ကြီးတင်ပြသလို နှမ်းသီးနှံဟာ ရှားတောမြို့နယ်အတွက် အဓိကအရေးကြီးတဲ့ စိုက်ပျိုးသီးနှံဖြစ်ပါတယ်။ ဒါ့ကြောင့် နှမ်းနဲ့ပတ်သက်လို့လည်း ဒီနှစ်မှာ ကျွန်တော်တို့ကစတင်ပြီးတော့ နှမ်းကို ဆင်းရတနာ-၃ မျိုးကို ၁၈၇ တင်း မျိုးကောင်းမျိုးသန့် ဖြန့်ဖြူးပြီးဖြစ်ပါတယ်။ ဆက်လက်ပြီးတော့လည်း လိုအပ်ချက်ပေါ်မူတည်ပြီးတော့ နှမ်းမျိုးကောင်းမျိုးသန့်နဲ့ ပဲမျိုးစုံဖြစ်တဲ့ ပဲစင်းငုံ အဓိကဖြစ်တဲ့အတွက် ပဲမျိုးစုံမျိုးတွေလည်း ဆက်လက်ပြီးတော့ ကျွန်တော်တို့ ဖြန့်ဖြူးပေးသွားမှာဖြစ်ကြောင်း ရှင်းလင်းတင်ပြအပ်ပါတယ်။

**မူကြမ်း**

**ညောင်ဦးမြို့နယ် မြေနဲ့လေးကျေးရွာမှ ဦးကျော်ခဲပါ (၅)ဦးပိုင် ကွင်းအမှတ်(၁၄၄၁) ဧက ၂၀ ကျော်ရှိ မြေယာများကို လေယာဉ်ကွင်းမြောက်ဘက်သို့ တိုးချဲ့ရန် သိမ်းယူခဲ့ရာ တိုးချဲ့ရန်အစီအစဉ်မရှိတော့ပါသဖြင့် ယာလုပ်ပိုင်ခွင့် ပုံစံ(၇)အား ထုတ်ပေးရန် အစီအစဉ်ရှိ/မရှိနှင့် စပ်လျဉ်းသည့်မေးခွန်း**

**ဒုတိယဥက္ကဋ္ဌ**။ ။ ညောင်ဦးမဲဆန္ဒနယ်မှ ဦးအောင်ကြိုင် မေးမြန်းဖို့ ဖြစ်ပါတယ်။

**ဦးအောင်ကြိုင်(ညောင်ဦးမဲဆန္ဒနယ်)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဒုတိယဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ၊ ပြည်ထောင်စုအဆင့် ဒုတိယဝန်ကြီးများ၊ ဧည့်သည်တော်များခင်ဗျား။ မင်္ဂလာပါလို့ နှုတ်ခွန်းဆက်သဂါရဝပြုအပ်ပါတယ်ခင်ဗျား။ ကျွန်တော်ကတော့ မန္တလေးတိုင်းဒေသကြီး၊ ပုဂံညောင်ဦးမဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးအောင်ကြိုင် ဖြစ်ပါတယ်။ ကျွန်တော် မေးလိုတာကတော့ ညောင်ဦးမြို့နယ် မြေနဲ့လေးကျေးရွာမှ ဦးကျော်ခဲအပါအဝင် (၅)ဦးပိုင် ကွင်းအမှတ်(၁၄၄၁) ဧက ၂၀ ကျော်ရှိ မြေယာများကို လေယာဉ်ကွင်းမြောက်ဘက်သို့ တိုးချဲ့ရန် သိမ်းယူခဲ့ပါတယ်။ သို့ရာတွင် ပုဂံရှေးဟောင်းသုတေသနဌာနခွဲမှ ကျောက်ဂူမင်းသကျမုနိဘုရား၊ ကုန်းတော်ကြီးဘုရား စသော ဘုရားပေါင်း ၁၄ ဆူတွင် နံရံဆေးရေးပန်းချီများရှိသဖြင့် လေယာဉ်ပျံများ ပျံသန်းလျှင် ကွာကျနိုင်သည်ဟု ကန့်ကွက်ခဲ့သဖြင့် လေယာဉ်ကွင်းကို တောင်ဘက်သို့သာ တိုးချဲ့သွားရန် အကြံပြုခဲ့ပါတယ်။ အဲဒီတော့ အကြံပြုသည်နှင့်အမျှ တောင်ဘက်သို့ တိုးချဲ့ပြီးစီးသွားပြီဖြစ်လို့ မြောက်ဘက်ကို တိုးချဲ့ရန်အစီအစဉ်မရှိတော့ပါဘူး။ ယခုအခါမှာဆိုရင် အဆိုပါ ဦးကျော်ခဲအပါအဝင် (၅)ဦးမှ ယာလုပ်နေရသော်လည်း ယာလုပ်ပိုင်ခွင့်(ပုံစံ-၇)များကို သက်ဆိုင်ရာများသို့ တောင်းသော်လည်း မရရှိကြသဖြင့် ပြည်သူ့လွှတ်တော်ဒုတိယဥက္ကဋ္ဌကြီးမှတစ်ဆင့် အောက်ပါမေးခွန်းများကို မေးမြန်းအပ်ပါတယ်ခင်ဗျား။ မေးခွန်း(၁) ယာလုပ်ပိုင်ခွင့်(ပုံစံ-၇)အား ထုတ်ပေးနိုင်ခြင်းရှိ/မရှိ။ မေးခွန်း(၂) ထုတ်ပေးနိုင်ခြင်းမရှိပါက မည်သည့်အကြောင်းကြောင့် ထုတ်မပေးနိုင်သည်ကို သိရှိလိုပါကြောင်း မေးမြန်းအပ်ပါတယ်ခင်ဗျား။ အားလုံးကို ကျေးဇူးတင်ပါတယ်ခင်ဗျား။

**ဒုတိယဥက္ကဋ္ဌ**။ ။ သက်ဆိုင်ရာ ပြည်ထောင်စုဝန်ကြီးဌာနက ဖြေကြားဖို့ ဖြစ်ပါတယ်။

**ဖြေကြားချက်**

**ဦးအုန်းသန်း(ဒုတိယဝန်ကြီး၊ လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန)**။ ။ လေးစားအပ်ပါသော ဒုတိယဥက္ကဋ္ဌကြီးခင်ဗျား။ မန္တလေးတိုင်းဒေသကြီး၊ ညောင်ဦးမဲဆန္ဒနယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးအောင်ကြိုင်ရဲ့ ကြယ်ပွင့်ပြမေးခွန်းအပေါ်မှာ ကျွန်တော် လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးအုန်းသန်းက ဆက်လက်ရှင်းလင်းဖြေကြားသွားမှာဖြစ်ပါတယ်။ မန္တလေးတိုင်းဒေသကြီး၊ ညောင်ဦးမဲဆန္ဒနယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးအောင်ကြိုင်ရဲ့ ကြယ်ပွင့်ပြမေးခွန်းနှင့်စပ်လျဉ်းပြီးတော့ ပို့ဆောင်ရေးဝန်ကြီးဌာနနှင့် မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့တို့ရဲ့ ဖြေကြားချက်များနှင့်အတူ ပေါင်းစပ်ဖြေကြားသွားမှာဖြစ်ပါတယ်။ ပို့ဆောင်ရေးဝန်ကြီးဌာနရဲ့ ဖြေကြားချက်အရ မြေနဲ့လေးကျေးရွာ ကွင်းအမှတ်(၁၄၄၁)ရှိမြေကို ၁၉၉၄ ခုနှစ်တွင် ညောင်ဦးလေယာဉ်ကွင်းမြေအဖြစ် အသုံးပြုနိုင်ရန်အတွက် ပြည်ထောင်စုမြန်မာနိုင်ငံတော်အစိုးရအဖွဲ့ရုံးရဲ့ ၂၂-၁၁-၁၉၈၈ ရက်စွဲပါစာအမှတ်၊ ၁၀/၆၀၁-ဆ/အဖရ ဖြင့် လုပ်ပိုင်ခွင့်အာဏာအပ်နှင်းချက်အရ ၁၉၅၃ ခုနှစ်၊ လယ်ယာမြေ နိုင်ငံပိုင်ပြုလုပ်ရေးအက်ဥပဒေပုဒ်မ ၃၉ လယ်ယာမြေကို သတ်မှတ်သည့်နည်းလမ်းအတိုင်း အသုံးချစေရန် ဆင့်ဆိုပေးပိုင်ခွင့်အား ၂၈-၇-၁၉၉၄ ရက်နေ့မှာပြုလုပ်တဲ့ မန္တလေးတိုင်း ငြိမ်ဝပ်ပိပြားမှုတည်ဆောက်ရေးအဖွဲ့ အစည်းအဝေးအမှတ်စဉ်(၅/၉၄)အရ လေယာဉ်ကွင်းမြေအဖြစ် ခွင့်ပြုမိန့်ချမှတ်ပြီးဖြစ်ပါကြောင်း၊ မန္တလေးတိုင်း ငြိမ်ဝပ်ပိပြားမှုတည်ဆောက်ရေးအဖွဲ့မှ ၂၁-၉-၁၉၉၄ ရက်စွဲပါစာအမှတ်၊ ၀၁၃/၃-၃၈/ တ၀တ (၁၉၅) အမိန့်အမှတ်(၂၆/၉၄)ဖြင့် ပို့ဆောင်ရေးဝန်ကြီးဌာန၊ လေကြောင်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာန ညောင်ဦးလေဆိပ်သို့ တရားဝင်ခွင့်ပြုပေးခဲ့ပြီးဖြစ်ပါကြောင်း၊ ညောင်ဦးလေဆိပ်အတွက် ရေးဆွဲထားတဲ့ Master Plan နှင့် Safety Program အရ လေကြောင်းဆိုင်ရာလုပ်ငန်းများနှင့် လေကြောင်းပျံသန်းမှုအန္တရာယ်ကင်းရှင်းစေရေးအတွက် လေယာဉ်ပြေးလမ်း ချဉ်းကပ်လမ်းများတွင် သစ်ပင်များ၊ အဆောက်အဦများကင်းရှင်းရန် လိုအပ်ပါသဖြင့် ပြေးလမ်းမြောက်ဘက်ထိပ် ကွင်းအမှတ်(၁၄၄၁)ရှိ မြေဧရိယာ ၂၀ ဧကခန့်အား မစွန့်လွှတ်ဘဲ လေကြောင်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာနပိုင်မြေအဖြစ် ဆက်လက်ထိန်းသိမ်းထားရှိမည်ဖြစ်ပါကြောင်း သိရှိရပါတယ်။

မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့ရဲ့ ဖြေကြားချက်အရ အောက်ပါအတိုင်း သိရှိရပါတယ်။ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်ကြီး၏ မေးခွန်းပါ မြေတည်နေရာမှာ မန္တလေးတိုင်းဒေသကြီး၊ ညောင်ဦးမြို့ အမှတ်(၁)ရပ်ကွက် ကွင်းအမှတ်(၁၄၄၁)၊ ညောင်ဦးအရှေ့ကွင်းအတွင်းရှိ စုစုပေါင်းမြေဧရိယာ ၁၉.၅၄ ဧက ဖြစ်ပါတယ်။ အဆိုပါမြေဧရိယာ ၁၉.၅၄ ဧကအနက် မြေဧရိယာ ၇.၂၅ ဧကမှာ

ဦးပိုင်ပေါက်ယာမြေများဖြစ်ပြီး ကျန်ဧရိယာ ၁၂.၂၉ ဧကမှာ သာသနာမြေအတွင်း ကျူးကျော်စိုက်ပျိုးထားသော ယာမြေများဖြစ်ကြောင်း သိရှိရပါတယ်။ ဦးပိုင်ပေါက်တဲ့ ယာမြေဧရိယာ ၇.၂၅ ဧကကို မန္တလေးတိုင်း ငြိမ်ဝပ်ပိပြားမှုတည်ဆောက်ရေးအဖွဲ့က လေယာဉ်ကွင်းမြေအဖြစ်နဲ့ ၂၁-၉-၁၉၉၄ ရက်စွဲပါစာအမှတ်၊ ၀၁၃/ ၃-၃၈/ တဝတ (၁၉၅) အမိန့်အမှတ်(၂၆/၉၄)ဖြင့် လ/န ၃၉ ခွင့်ပြုမိန့်ပေးခဲ့ပြီးဖြစ်၍ ပို့ဆောင်ရေးဝန်ကြီးဌာနမှာလည်း စွန့်လွှတ်ခြင်းမရှိသေးသည့်မြေဖြစ်ပါကြောင်း သိရှိရပါတယ်။ အဆိုပါမြေဟာ လက်ရှိအသုံးပြုလျက်ရှိတဲ့ ပို့ဆောင်ရေးဝန်ကြီးဌာနမှ စွန့်လွှတ်ပြီးမှသာ လ/န-၃၉ ခွင့်ပြုမိန့်ကို တိုင်းဒေသကြီးအစိုးရအဖွဲ့ရုံးအနေနဲ့ ပယ်ဖျက်ပြီး လယ်ယာမြေလုပ်ပိုင်ခွင့်ပြုလက်မှတ်(ပုံစံ-၇)ကိုလည်း လယ်ယာမြေစီမံခန့်ခွဲရေး လုပ်ထုံးလုပ်နည်းနှင့်အညီ လယ်ယာမြေစီမံခန့်ခွဲမှုကော်မတီအဆင့်ဆင့်က ဆောင်ရွက်ပေးသွားရမှာဖြစ်ပါကြောင်းနှင့် စိုက်ပျိုးထားတဲ့ ယာမြေဧရိယာ ၁၂.၂၉ ဧကမှာ မြေစာရင်းဦးစီးဌာနရဲ့ စာရင်းမြေပုံမှတ်တမ်းများအရ သာသနာ့မြေအဖြစ်သတ်မှတ်ပြီးဖြစ်သည့်မြေတွင် ကျူးလွန်စိုက်ပျိုးခြင်းဖြစ်သည့်အတွက် လယ်ယာမြေလုပ်ပိုင်ခွင့်ပြုလက်မှတ် (ပုံစံ-၇) ထုတ်ပေး၍ မရပါကြောင်း သိရှိရပါတယ်။ လယ်ယာမြေဥပဒေ အခန်း(၈) ပုဒ်မ ၂၅ ပုဒ်မခွဲ(ဃ)အရ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ် လယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့၏ ဆုံးဖြတ်ချက်သည် အပြီးအပြတ်ဖြစ်စေရမည်ဟုလည်း ပြဋ္ဌာန်းထားရှိပြီးဖြစ်ပါတယ်။

သို့ဖြစ်ပါ၍ သိမ်းဆည်းမြေများဆိုင်ရာကိစ္စရပ်များအပေါ်မှာဆိုရင် ဒုတိယသမ္မတ ဦးဆောင်တဲ့ မြေအသုံးချမှုစီမံခန့်ခွဲရေးဗဟိုကော်မတီ အဆင့်ဆင့်သော တိုင်းဒေသကြီး/ပြည်နယ်/ခရိုင်/မြို့နယ် မြေအသုံးချမှုစီမံခန့်ခွဲရေးကော်မတီများ လွှတ်တော်ကိုယ်စားလှယ်များပါဝင်တဲ့ ပူးပေါင်းကော်မတီများဖွဲ့စည်းပြီးတော့ ဖြေရှင်းဆောင်ရွက်ပေးလျက်ရှိပါကြောင်း ယခုတင်ပြပါ မြေဧရိယာ ၁၉.၅၄ ဧကအနက် မြေဧရိယာ ၇.၂၅ ဧကသည် ပို့ဆောင်ရေးဝန်ကြီးဌာန လေကြောင်းပို့ဆောင်ရေး ညွှန်ကြားမှုဦးစီးဌာနပိုင်မြေအဖြစ် မစွန့်လွှတ်ဘဲ ဆက်လက်အသုံးပြုသွားမည်ဟု သိရှိရပါကြောင်းနှင့် ကျန်မြေ ၁၂.၂၉ ဧကမှာလည်းပဲ စာရင်းမြေပုံမှတ်တမ်းများအရ သာသနာ့မြေဖြစ်သည့်အတွက် (ပုံစံ-၇) ထုတ်ပေး၍ မရပါကြောင်း ရှင်းလင်းဖြေကြားအပ်ပါတယ်။ အားလုံးကျေးဇူးတင်ပါတယ်။

**ဒုတိယဥက္ကဋ္ဌ**။ ။ ဒီနေ့အတွက် မေးခွန်းများ မေးမြန်း၊ ဖြေကြားခြင်း အစီအစဉ် ပြီးပါပြီ။

**မူကြမ်း**

## ပြည်ထောင်စုတရားလွှတ်တော်ချုပ်က တင်သွင်းသော တစ်လင်တစ်မယားစနစ်ကျင့်သုံးခြင်း ဆိုင်ရာဥပဒေကြမ်းနှင့်စပ်လျဉ်း၍ ဥပဒေကြမ်းကော်မတီက လွှတ်တော်သို့ တင်ပြခြင်း

**ဒုတိယဥက္ကဋ္ဌ**။ ။ အစီအစဉ် ၆ ကို ဆက်လက်ဆောင်ရွက်မှာဖြစ်ပါတယ်။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ပြည်ထောင်စုတရားလွှတ်တော်ချုပ်က တင်သွင်းသော တစ်လင်တစ်မယား ကျင့်သုံးခြင်းဆိုင်ရာဥပဒေ ကြမ်းနှင့်စပ်လျဉ်း၍ ဥပဒေကြမ်းကော်မတီက လွှတ်တော်သို့ တင်ပြသွားမှာ ဖြစ်ပါတယ်။ တင်ပြဖို့အတွက် ဥပဒေကြမ်းကော်မတီအား ဖိတ်ခေါ်ပါတယ်။

**ဦးစောလှထွန်း(အတွင်းရေးမှူး၊ ဥပဒေကြမ်းကော်မတီ)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဒုတိယဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ကျွန်တော်တို့ ဥပဒေကြမ်းကော်မတီအနေနဲ့ တစ်လင်တစ်မယားစနစ်ကျင့်သုံးခြင်းဆိုင်ရာဥပဒေကြမ်းနှင့်စပ်လျဉ်း၍ ဆောင်ရွက်ထားရှိမှုများကို လွှတ်တော်သို့ အစီရင်ခံတင်ပြသွားပါ့မယ်။ ပြည်ထောင်စုတရားလွှတ်တော်ချုပ်ရုံးက ပေးပို့လာတဲ့ တစ်လင်တစ်မယားစနစ်ကျင့်သုံးခြင်းဆိုင်ရာဥပဒေကြမ်းကို ပြည်ထောင်စုလွှတ်တော်ဆိုင်ရာနည်းဥပဒေ ၈၀ နည်းဥပဒေခွဲ(က)အရ ပြည်သူ့လွှတ်တော်မှာ စတင်ဆွေးနွေးနိုင်ဖို့ ပြည်ထောင်စုလွှတ်တော်ရုံးက ပေးပို့လာပါတယ်။ အမျိုးဘာသာ သာသနာစောင့်ရှောက်ရေးဗဟိုအဖွဲ့က အမျိုးဘာသာ သာသနာကို ကာကွယ်ထိန်းသိမ်းစောင့်ရှောက်နိုင်ရေးအတွက် ဥပဒေ (၄)ရပ်ကို ပြဋ္ဌာန်းပေးရန် တိုက်တွန်းခဲ့သဖြင့် ဒီဥပဒေတွေအနက် ပြည်ထောင်စုတရားလွှတ်တော်ချုပ်၏ စီမံခန့်ခွဲမှုနှင့် ဆက်စပ်သက်ဆိုင်နေတဲ့ တစ်လင်တစ်မယားစနစ် ကျင့်သုံးခြင်းဆိုင်ရာဥပဒေကြမ်းကို တင်သွင်းနိုင်ရေးအတွက် ပြည်ထောင်စုလွှတ်တော်က အကြောင်းကြားခဲ့ခြင်းဖြစ်ကြောင်း တွေ့ရှိရပါတယ်။

တစ်လင်တစ်မယားစနစ်ကျင့်သုံးခြင်းဆိုင်ရာဥပဒေကြမ်းကို ပြဋ္ဌာန်းခြင်းအားဖြင့် သာယာသော မိသားစုဘဝကို တည်ဆောက်နိုင်ကြရန် ရည်ရွယ်ပြီးတော့ ပြည်ထောင်စုတရားလွှတ်တော်ချုပ်က တင်သွင်းလာခြင်းဖြစ်ကြောင်းကိုလည်း တွေ့ရှိရပါတယ်။ ကျွန်တော်တို့ ပြည်သူ့လွှတ်တော် ဥပဒေကြမ်းကော်မတီဟာ ၆-၁-၂၀၁၅ ရက်နေ့၊ ၁၂-၁-၂၀၁၅ ရက်နေ့၊ ၁၃-၁-၂၀၁၅ ရက်နေ့နှင့် ၄-၂-၂၀၁၅ ရက်နေ့များတွင် (၄)ရက် ပြည်သူ့လွှတ်တော် လူမှုဖွံ့ဖြိုးတိုးတက်ရေးကော်မတီအဖွဲ့ဝင်များ၊ နိုင်ငံသားများ၏ မူလအခွင့်အရေး၊ ဒီမိုကရေစီအရေးနှင့် လူ့အခွင့်အရေးဆိုင်ရာကော်မတီအဖွဲ့ဝင်များ၊ ပြည်သူ့ရေးရာစီမံခန့်ခွဲမှုကော်မတီအဖွဲ့ဝင်များ၊ အားကစား၊ ယဉ်ကျေးမှုနှင့် ပြည်သူ့ဆက်ဆံရေးဖွံ့ဖြိုးတိုးတက်မှုကော်မတီအဖွဲ့ဝင်များ၊ ဥပဒေရေးရာနှင့် အထူးကိစ္စရပ်များ လေ့လာဆန်းစစ်သုံးသပ်ရေး

ကော်မရှင်အဖွဲ့ဝင်များ၊ ဥပဒေပြုရေးဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေးလုပ်ငန်းကော်မတီအဖွဲ့ဝင်များနှင့်ပြည်ထောင်စုတရားလွှတ်တော်ချုပ်ရုံးမှ တာဝန်ရှိပုဂ္ဂိုလ်များနှင့်အတူ ညှိနှိုင်းအစည်းအဝေးတွေကျင်းပခဲ့ပြီးတော့ ပထမအကြိမ် ပြည်သူ့လွှတ်တော်ရဲ့ (၁၂)ကြိမ်မြောက်ပုံမှန်အစည်းအဝေး (၂၅)ရက်မြောက်နေ့ဖြစ်တဲ့ ၁၀-၃-၂၀၁၅ ရက်နေ့မှာ ဥပဒေကြမ်းကော်မတီရဲ့ အစီရင်ခံစာကို လွှတ်တော်တွင် တင်သွင်းခဲ့ပါတယ်။ လွှတ်တော်တွင် တင်သွင်းခဲ့ပြီး ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးမှ ပြင်ဆင်ချက်အဆိုများ တင်သွင်းနိုင်ကြောင်းကိုလည်း ကြေညာခဲ့ပါတယ်။ အဲဒီလိုကြေညာချက်အရ အောက်ဖော်ပြပါ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များက ဆွေးနွေးရန်နှင့် ပြင်ဆင်ချက်အဆိုများ တင်သွင်းလာခဲ့ကြပါတယ်။ ဒါကတော့ ဒေါ်လဲ့လဲ့ဝင်းဆွေ(တာမွေမဲဆန္ဒနယ်)၊ ဦးတင်မောင်ဦး(ရွှေပြည်သာမဲဆန္ဒနယ်)၊ ဒေါ်ဇာတလဲမ်း(ထန်တလန်မဲဆန္ဒနယ်)၊ ဒေါ်ခင်စန်းလှိုင်(ပုလဲမဲဆန္ဒနယ်)နှင့် ဦးခွန်လိန်း(ဖလမ်းမဲဆန္ဒနယ်)တို့က ဖြစ်ကြပါတယ်။

ကျွန်တော်တို့ ဥပဒေကြမ်းကော်မတီအနေနှင့် ထပ်မံပြီး ၈-၄-၂၀၁၅ ရက်နေ့တွင် ညှိနှိုင်းအစည်းအဝေးကျင်းပခဲ့ပြီးတော့ ကျွန်တော်တို့ ဆောင်ရွက်ရမယ့်လုပ်ငန်းများကို ပြည်သူ့လွှတ်တော်လူမှုဖွံ့ဖြိုးတိုးတက်ရေးကော်မတီအဖွဲ့ဝင်တွေ၊ နိုင်ငံသားများ၏ မူလအခွင့်အရေး၊ ဒီမိုကရေစီအရေးနှင့် လူ့အခွင့်အရေးဆိုင်ရာကော်မတီ၊ ပြည်သူ့ရေးရာစီမံခန့်ခွဲမှုကော်မတီ၊ အားကစား၊ ယဉ်ကျေးမှုနှင့်ပြည်သူ့ဆက်ဆံရေး ဖွံ့ဖြိုးတိုးတက်မှုကော်မတီ၊ ဥပဒေရေးရာနှင့် အထူးကိစ္စရပ်များ လေ့လာဆန်းစစ်သုံးသပ်ရေးကော်မရှင်အဖွဲ့ဝင်တွေနဲ့ ဥပဒေပြုရေးဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေးလုပ်ငန်းကော်မတီအဖွဲ့ဝင်များနှင့်သက်ဆိုင်တဲ့ ပြည်ထောင်စုတရားလွှတ်တော်ချုပ်ရုံးမှ တာဝန်ရှိပုဂ္ဂိုလ်များနှင့်အတူ ဒီဥပဒေပြဋ္ဌာန်းလိုက်တဲ့အတွက် ဥပဒေရဲ့ရည်ရွယ်ချက်ကို မည်သို့အကောင်အထည်ဖော်နိုင်တယ်၊ မည်သူတွေဟာ နစ်နာသွားနိုင်တယ်ဆိုတာ ဒီနေရာမှာ အနည်းငယ်တင်ပြရရင်တော့ မည်သူတွေနစ်နာသွားနိုင်သလဲဆိုတဲ့နေရာမှာ ကျွန်တော်တို့ အမျိုးသားများရော၊ အမျိုးသမီးများရောနစ်နာနိုင်တဲ့အချက်တွေလည်း အကြံပြုချက်များမှာ တွေ့ရပါတယ်။ သာဓကအားဖြင့် တိုင်းရင်းသားလူမျိုးများဖြစ်တဲ့ လားဟူလူမျိုးတွေရဲ့ ဓလေ့ထုံးစံမှာဆိုလို့ရှိရင် သူတို့လက်ထပ်ထားတဲ့၊ အိမ်ထောင်ပြုထားတဲ့အမျိုးသမီးဟာ သားယောကျ်ားလေးမမွေးရင် နောက်တစ်ယောက်ကို တရားဝင်ယူခွင့်ရှိပါတယ်။ တရားဝင်ယူလေ့ရှိကြပါတယ်။ တကယ်လို့ ဒီဥပဒေပြဋ္ဌာန်းပြီးလိုက်လို့ရှိရင် ကျွန်တော်တို့တိုင်းရင်းသားများဟာလည်း ဒီအတိုင်း အလကားနေရင်း ထောင်ကျသွားနိုင်တဲ့ကိန်း ဆိုက်နေတဲ့ဟာမျိုးလည်း တွေ့ရပါတယ်။ အလားတူပဲ အမျိုးသမီးများနှင့်ပတ်သက်လို့ကြည့်ရင်လည်း မယားကြီး၊

မယားပြိုင်အဖြစ် ယူထားတယ်။ တရားဝင်အသိအမှတ်ပြုယူကြလို့ သားသမီး၊ ဇနီးတွေဟာ အမွေဆက်ခံခွင့်ရပါတယ်။ တကယ်လို့များ ဒီဟာကို အတည်ပြုထားရင် အတည်ပြုလိုက်တဲ့အချိန်မှာ တရားမဝင် အငယ်အနှောင်းဖြစ်သွားရင် သားသမီးအမွေဆက်ခံခွင့်မရှိပါဘူး။ တရားမဝင်ယူတဲ့အတွက်လည်း ပိုပြီးတော့ နစ်နာနိုင်တယ်ဆိုတဲ့အချက်တွေကိုလည်း ကျွန်တော်တို့ အကြံပြုချက်များအရ သိရှိလာရပါတယ်။ ဒီလိုနစ်နာရင် ကျွန်တော်တို့ ဘယ်လိုကုစားရမယ်၊ ဘယ်လိုကူညီဆောင်ရွက်ရမယ်ဆိုတဲ့အချက်ကိုပါ အလေးအနက်စဉ်းစားဆောင်ရွက်ရန်လိုအပ်ကြောင်း ကျွန်တော်တို့ အကြံပြုချက်များအရ တွေ့ရှိလာရပါတယ်။

သို့ပါ၍ ယင်းဥပဒေကြမ်းနှင့်စပ်လျဉ်းပြီး အကြံပြုချက်များ ပေးပို့ထားတဲ့ ပုဂ္ဂိုလ်များ၊ အဖွဲ့အစည်းများ၊ CSO ၊ NGO ၊ INGO နှင့် အခြားအကြံပြုလိုတဲ့ အဖွဲ့အစည်းတွေနဲ့ သဘောထားများကို ထပ်မံရယူပြီးတော့ သိမ်မွေ့နက်နဲတဲ့ တစ်နိုင်ငံလုံး လွှမ်းခြုံကျင့်သုံးရမယ့် တစ်လင်တစ်မယားစနစ်ကျင့်သုံးခြင်းဆိုင်ရာဥပဒေကြမ်းကို ဥပဒေကြမ်းကော်မတီအနေနဲ့ ကျယ်ကျယ်ပြန့်ပြန့်ဖိတ်ကြားဆွေးနွေးသွားမည်ဖြစ်ပါကြောင်း လွှတ်တော်သို့ အသိပေးခြင်းဖြစ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်။

## ဦးစိုးဝင်း၊ စမ်းချောင်းမဲဆန္ဒနယ်က မြန်မာနိုင်ငံသားများ အခွင့်အရေးကာကွယ်စောင့်ရှောက်ရေးဥပဒေကြမ်းကို လက်ခံဆွေးနွေးရန် အဆိုတင်သွင်းခြင်းနှင့် ကိုယ်စားလှယ်တစ်ဦးက ထောက်ခံခြင်း

**ဒုတိယဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဦးစိုးဝင်း၊ စမ်းချောင်းမဲဆန္ဒနယ်က ဥပဒေကြမ်းတစ်ခု ပေးပို့ထားပါတယ်။ ပြည်သူ့လွှတ်တော်ဆိုင်ရာနည်းဥပဒေ ၁၈၂ နည်းဥပဒေခွဲ(ခ)အရ မြန်မာနိုင်ငံသများ အခွင့်အရေးကာကွယ်စောင့်ရှောက်ရေးဥပဒေကြမ်းကို ပြည်သူ့လွှတ်တော်က လက်ခံဆွေးနွေးဖို့အတွက် အဆိုတင်သွင်းရန် ဦးစိုးဝင်းအား ဖိတ်ခေါ်ပါတယ်။

**ဦးစိုးဝင်း(စမ်းချောင်းမဲဆန္ဒနယ်)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဒုတိယဥက္ကဋ္ဌကြီးနှင့် ကြွရောက်လာကြတဲ့ ဒုတိယဝန်ကြီးများ၊ လွှတ်တော်ကိုယ်စားလှယ်တော်ကြီးများအားလုံး မင်္ဂလာပါလို့ ကျွန်တော်နှုတ်ခွန်းဆက်သပါတယ်ခင်ဗျား။ ကျွန်တော် စမ်းချောင်းမဲဆန္ဒနယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးစိုးဝင်းဟာ အခု တင်ပြခဲ့တဲ့ ဥပဒေကြမ်း မြန်မာနိုင်ငံသားများရဲ့ အခွင့်အရေး ကာကွယ်စောင့်ရှောက်ရေးဥပဒေကြမ်းကို အဓိကရည်ရွယ်ချက် ဘယ်လိုနဲ့တင်ခဲ့တယ်

ဆိုတာ နိုင်ငံသားများရဲ့ လွတ်လပ်ခွင့်၊ လုပ်ကိုင်ခွင့်၊ ခံစားခွင့်၊ တာဝန်နှင့်တားမြစ်ချက်တွေကို နစ်နာသူတွေက တိုင်ကြားလာတဲ့အပေါ်မှာအရေးယူနိုင်ရန်အတွက် လျင်မြန်ထိရောက်၍ စရိတ်စကကုန်ကျမှုသက်သာစေရန် အပြည်ပြည်ဆိုင်ရာ လူ့အခွင့်အရေး ကြေညာစာတမ်းအပိုဒ် ၉ ပါ မည်သူမျှဥပဒေနှင့်မညီသော ဖမ်းဆီးခြင်းကိုဖြစ်စေ၊ ချုပ်နှောင်ထားခြင်းကိုဖြစ်စေ၊ ပြည်နှင်ဒဏ်ပေးခြင်းကိုဖြစ်စေ မခံထိုက်စေရဟူသော အချက်နှင့် အပိုဒ် ၁၀ အခွင့်အရေးများနှင့် တာဝန်ဝတ္တရားများကိုအဆုံးအဖြတ်ခံယူရာတွင်လည်းကောင်း၊ ပြစ်မှုကြောင်းအရ တရားစွဲဆိုခြင်းကြောင့် ပြစ်ဒဏ်ကျခံစေရမှုအပေါ်တွင်လည်းကောင်း လူတိုင်းသည် လွတ်လပ်၍ အဂတိကင်းသော တရားရုံးတော်များမှပြည်သူများရှေ့မှောက်မှာ မျှတစွာတရားစီရင်စစ်ဆေးခြင်းများကို မည်မျှတူညီစွာခံစားခွင့်ရရှိစေရန်မြန်မာနိုင်ငံသား တရားဥပဒေရေးရာနှင့် နိုင်ငံတကာဆက်ဆံရေးနယ်ပယ်များမှာ နိုင်ငံသားများဟာမိမိတို့ရဲ့နစ်နာမှုကို ပြည်ထောင်စုတရားလွှတ်တော်တွင် စရိတ်စကနှင့် ငွေကြေးအကုန်အကျ အချိန်အကုန်ခံပြီး နိုင်ငံသားများရဲ့အခွင့်အရေးကို စာချွန်တော်ဖြင့် လျှောက်ထားတဲ့ အခွင့်အရေးတစ်ရပ်အပြင် ယခုကဲ့သို့ ခေတ်မီဆန်းသစ်တဲ့ ကုန်ကျစရိတ်သက်သာသော တရားဥပဒေဆိုင်ရာ အခွင့်အရေးတစ်ရပ်ကို ဆောင်ရွက်ပေးနိုင်ရန်အတွက် ဒီနေရာမှာ ကျွန်တော်ဖော်ပြချင်တာကတော့ တရားလွှတ်တော်ချုပ်မှ စာချွန်တော် နည်းဥပဒေပြဋ္ဌာန်းပြီးဖြစ်ပါတယ်။ ဒါပေမယ့်လို့ နိုင်ငံသားရဲ့အခွင့်အရေး၊ အမျိုးသားအမျိုးသမီးများအတွက်၊ အမျိုးသမီးများ၏အခွင့်အရေးတွေကိုလည်း ပိုပြီးတော့ တန်းတူညီမျှစွာ အခွင့်အရေးပေးပြီးရရှိစေရန် မီးမောင်းထိုးပြလိုတဲ့အတွက် အခု မြန်မာနိုင်ငံသားများရဲ့ အခွင့်အရေးကာကွယ်စောင့်ရှောက်ရေးဥပဒေကို ပထမအကြိမ် ပြည်သူ့လွှတ်တော်ပဥ္စမပုံမှန်အစည်းအဝေး။ ၂၀၁၂ ခုနှစ်၊ နိုဝင်ဘာလ ၂၁ ရက်နေ့မှာ ကျွန်တော်တို့ ဒီလွှတ်တော်ကြီးမှာဒီဥပဒေကိုဆွေးနွေးခဲ့ပြီးသားဖြစ်ပါတယ်။ အဲဒီတုန်းက ကျွန်တော်တင်ခဲ့တဲ့ ၂၀၀၈ ခုနှစ်၊ ဖွဲ့စည်းပုံအခြေခံဥပဒေကို အဆိုအဖြစ်နဲ့ ပြောင်းလဲပေးပါလို့ ကျွန်တော်တို့ရဲ့ လွှတ်တော်ဥက္ကဋ္ဌကြီးကနေပြီးညှိနှိုင်းတောင်းဆိုခဲ့တဲ့အတွက် ကျွန်တော်ဟာ ဒီဥပဒေကြမ်းကို အဆိုအဖြစ်တိုက်တွန်းကြောင်း အဲဒီတုန်းကလည်း ပြောင်းလဲပေးခဲ့ပြီးဖြစ်ပါတယ်။ အဲဒီတုန်းက လွှတ်တော်ဥက္ကဋ္ဌကြီးက လွှတ်တော်မှာတင်ပြီးတဲ့အခါမှာ ကျွန်တော်တို့ ဆွေးနွေးပြီးတော့ ပြည်ထောင်စုအဆင့်ကရော၊ ဒုတိယရှေ့နေချုပ်ကရော ဒီဥပဒေကို ဥပဒေကြမ်းအဖြစ်ကနေပြီးတော့ ထပ်မံဖြည့်စွက်ပြင်ဆင်ရေးဆွဲဖို့ဆိုပြီးတော့ လွှတ်တော်ဥက္ကဋ္ဌကြီးကနေ လိုအပ်တဲ့အရေးအသားတွေ ပြန်လည်ပြီးတော့ ပြင်ဆင်မယ်

ဆိုရင်လည်း ပြင်ဆင်နိုင်ပါကြောင်း။ ဒုတိယရှေ့နေချုပ် ဦးထွန်းထွန်းဦးကိုယ်တိုင်ကလည်း အဲဒီတုန်းက ဆုံးဖြတ်ခဲ့ပြီးဖြစ်ပါတယ်။

နောက်တစ်ခါ မြန်မာနိုင်ငံသားများရဲ့ အခွင့်အရေးကာကွယ်စောင့်ရှောက်တဲ့ဥပဒေကို ပြင်ဆင်ခြင်း၊ ပယ်ဖျက်ခြင်းနှင့် အသစ်ပြဋ္ဌာန်းခြင်း တစ်ခုခုဆောင်ရွက်ပေးရန် ပြည်သူ့လွှတ်တော်နှင့် ပြည်ထောင်စုအစိုးရတို့ တိုက်တွန်းကြောင်းအဆိုဆိုပြီးတော့ကျတော့ ဥက္ကဋ္ဌကြီးကနေပြီးတော့ သူကိုယ်တိုင်ရေးသားပါတယ်။ ဦးစိုးဝင်းတင်ပြတဲ့နေရာမှာ ပိုပြီးတော့ ပြည့်စုံအောင်လို့ဆိုပြီးတော့ အဲဒီအဆိုမှာ ဥက္ကဋ္ဌကြီးကိုယ်တိုင် ကျွန်တော်တို့ ပြင်ဆင်ပေးတာဖြစ်ပါတယ်။ ပြင်ဆင်ပေးတဲ့ အတိုင်းပဲ အဲဒီတုန်းက လွှတ်တော်ကလည်း မြန်မာနိုင်ငံသားများရဲ့ အခွင့်အရေးကာကွယ်စောင့်ရှောက်ရေး ဥပဒေကို ပြင်ဆင်ခြင်း၊ ပယ်ဖျက်ခြင်း၊ အသစ်ပြဋ္ဌာန်းခြင်းတစ်ခုခုဆောင်ရွက်ပေးရန် ပြည်ထောင်စု အစိုးရနှင့် ပြည်ထောင်စုလွှတ်တော်သို့ တိုက်တွန်းကြောင်းအဆိုကို လွှတ်တော်က သဘောတူခဲ့ပြီး လည်းဖြစ်ပါတယ်။ အားလုံးရဲ့ ဆုံးဖြတ်ချက်။ ဒါကြောင့်မို့လို့ မြန်မာနိုင်ငံသားများရဲ့ အခွင့်အရေး ကာကွယ်စောင့်ရှောက်ရေးဥပဒေကို လွှတ်တော်က သဘောတူတဲ့အချက်၊ ဦးစိုးဝင်း တင်သွင်းခဲ့တဲ့ မြန်မာနိုင်ငံသားများ၏ အခွင့်အရေးကာကွယ်စောင့်ရှောက်ရေးဥပဒေကို ပြင်ဆင်ခြင်း၊ ပယ်ဖျက်ခြင်း သို့မဟုတ် အသစ်ပြဋ္ဌာန်းခြင်း တစ်ခုခုဆောင်ရွက်ပေးပါရန် ပြည်ထောင်စုလွှတ်တော်နှင့် အစိုးရသို့ တိုက်တွန်းကြောင်းအဆိုကို လွှတ်တော်က အတည်ဖြစ်ကြောင်းလည်း အဲဒီတုန်းက ကြေညာပေးခဲ့ပါ တယ်။ ဒါ ၂၀၁၂ ခုနှစ် နိုဝင်ဘာလမှာတင်ခဲ့တာဖြစ်ပါတယ်။ ၂၀၁၂ ခုနှစ် နိုဝင်ဘာလမှာတင်ခဲ့ပြီး ပေမယ့် ကျွန်တော်ရဲ့ ဒီဥပဒေကြမ်းဟာ ကျွန်တော်က အဲဒီတုန်းကလည်း ဥပဒေကြမ်းကို ကျယ်ကျယ် ပြန့်ပြန့်ဖြစ်ဖို့ရန်အတွက် လွှတ်တော်က တာဝန်ယူပြီးတော့ ပြင်ဆင်မယ်ဆိုရင်လည်း ပြင်ဆင်ပါ။ အမြန်ဆုံးဖြစ်ပေါ်လာဖို့ပဲ တိုက်တွန်းပါတယ်ဆိုပြီး ကျွန်တော် သဘောတူပေးခဲ့ပါတယ်။ အဲဒီလို သဘောတူပေးခဲ့ပြီးတဲ့အခါမှာ ၂၀၁၃ ခုနှစ် ဇူလိုင်လမှာ ပြည်သူ့လွှတ်တော်ကနေပြီးတော့ ကျွန်တော့် ဆီကို စာလာပါတယ်။ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် လွှတ်တော်ရုံးကနေ ပြည်သူ့လွှတ်တော် ဌာန နေပြည်တော် စာအမှတ်၊ ၁/ပသ(၈၀)၄/၂၀၁၃(၁၇) အရ ၅၈ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ၏အတည်ပြုအဆိုကိစ္စဆိုပြီးတော့ လာတဲ့အခါမှာ ပထမအကြိမ် ပြည်သူ့လွှတ်တော် ပဉ္စမပုံမှန် အစည်းအဝေးမှာ ရန်ကုန်တိုင်းဒေသကြီး၊ စမ်းချောင်းမဲဆန္ဒနယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးစိုးဝင်းက ၁၂-၁၁-၂၀၁၂ ရက်နေ့မှာ မြန်မာနိုင်ငံသားများ၏ အခွင့်အရေးကာကွယ်စောင့်ရှောက် ရေးဥပဒေကြမ်းအား ပြည်သူ့လွှတ်တော်ဆိုင်ရာ နည်းဥပဒေအရ ဆောင်ရွက်ပေးနိုင်ပါရန် တင်သွင်း

ခဲ့တယ်။ ပထမအကြိမ် ပြည်သူ့လွှတ်တော် ပုံမှန်အစည်းအဝေး ၂၆-၁၁-၂၀၁၂ ရက်နေ့တွင် ထိုဥပဒေကြမ်းအား ဦးစိုးဝင်း၊ စမ်းချောင်းမဲဆန္ဒနယ်၏ မြန်မာနိုင်ငံသားများ အခွင့်အရေးကာကွယ်စောင့်ရှောက်ရေးဥပဒေကို ပြင်ဆင်ခြင်း၊ ပယ်ဖျက်ခြင်း၊ အသစ်ပြဋ္ဌာန်းခြင်း တစ်ခုခုဆောင်ရွက်ပေးပါရန် ပြည်ထောင်စုအစိုးရနှင့် လွှတ်တော်သို့ တိုက်တွန်းကြောင်းအဆိုအဖြစ် ပြောင်းလဲတင်သွင်းအတည်ပြုခဲ့ပြီး နိုင်ငံတော်သမ္မတနှင့် ပြည်ထောင်စုလွှတ်တော်နာယကထံ သဝဏ်လွှာပေးပို့ခဲ့ရာတွင် နိုင်ငံတော်သမ္မတမှ ၃၀-၁၁-၂၀၁၂ ရက်နေ့တွင် ပြည်ထောင်စုလွှတ်တော်နာယကထံ သဝဏ်လွှာအဖြစ် ပြန်လည်ပေးပို့လာခဲ့ပါတယ်။

သို့ဖြစ်ပါ၍ လွှတ်တော်ကိုယ်စားလှယ်၏ အဆိုမှာ အဆိုကောင်းတစ်ခုဖြစ်တဲ့အတွက် ဥပဒေအဖြစ် ရေးဆွဲနိုင်ရေး ကိုယ်စားလှယ်၏သဘောထားနှင့် အသင့်ရေးဆွဲထားသော ဥပဒေရှိပါက ပြန်လည်တင်ပြပေးနိုင်ပါရန် အကြောင်းကြားပါတယ်ဆိုပြီးတော့ ၂၆-၆-၂၀၁၃ ရက်နေ့မှာ စာပြန်လာပါတယ်။ ဒီစာကိုလက်ခံရရှိခဲ့တဲ့အတွက် မြန်မာနိုင်ငံသားများရဲ့ အခွင့်အရေးကာကွယ်စောင့်ရှောက်ရေးဥပဒေကြမ်းကို ၂၀၁၃ ခုနှစ် ဇူလိုင်လထဲမှာ ပြန်တင်ပေးခဲ့ပါတယ်။ အဲဒီတော့ အခုဟာကတော့ ဒီမှာ ပြန်ပြီးတော့ ကျွန်တော်ဥပဒေက အကြွေးအကျန်ဆိုတာမျိုးဖြစ်နေတဲ့ အတွက် ကျွန်တော်ကလည်း ဒီဥပဒေကြမ်းအမြန်ဖြစ်ပေါ်လာရေးသာ သဘောတူပြီးဖြစ်တဲ့အတွက် လွှတ်တော်ကနေပြီးတော့ ဒီကိစ္စကို အမြန်ဆုံးကျယ်ကျယ်ပြန့်ပြန့်နဲ့ ဥပဒေပညာရှင်တွေနဲ့ရော အားလုံးဆွေးနွေးပေးဖို့ အမြန်ဆုံးဖြစ်ပေါ်လာဖို့ တိုက်တွန်းတဲ့အဆိုအဖြစ်လည်းတင်ထားခဲ့ပြီးသားဖြစ်တဲ့အတွက် အချိန်အားဖြင့်လည်း ၂၀၁၅ ခုနှစ်ရောက်လာပြီဖြစ်တဲ့အတွက် အမြန်ဆုံးဆိုတာကတော့ ဒီတစ်ခါမှာ ပိုပြီးတော့ အမြန်တကာ့အမြန်နိုင်ဆုံးဖြစ်ပေါ်လာဖို့ပဲ ကျွန်တော့်အဆိုကို တင်ပြပြီးတော့ ဥပဒေကြမ်းကိုတင်တာဖြစ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်ခင်ဗျား။

**ဒုတိယဥက္ကဋ္ဌ**။ ။ ဦးစိုးဝင်းတင်သွင်းတဲ့ အဆိုကို ထောက်ခံမယ့် လွှတ်တော်ကိုယ်စားလှယ်တစ်ဦးအား ဖိတ်ခေါ်ပါတယ်။

**ဒေါ်တင်နွယ်ဦး[ဒဂုံမြို့သစ်(မြောက်ပိုင်း)မဲဆန္ဒနယ်]**။ ။ လေးစားအပ်သော ဒုတိယဥက္ကဋ္ဌကြီးရှင်။ ကျွန်မကတော့ ဒဂုံမြို့သစ်(မြောက်ပိုင်း)မဲဆန္ဒနယ်မှ ဒေါ်တင်နွယ်ဦး ဖြစ်ပါတယ်။ ကျွန်မကတော့ ဦးစိုးဝင်းရဲ့ ဥပဒေကြမ်းတင်ပြတဲ့ကိစ္စ တစ်နည်းအားဖြင့် ဥပဒေကြမ်းကနေ အဆိုအဖြစ်ပြောင်းလဲသွားတဲ့ကိစ္စကို ထောက်ခံတင်ပြသွားမှာဖြစ်ပါတယ်။ ကျွန်မအနေနဲ့ ပြောရမယ်ဆိုရင် ကျွန်မတို့ရဲ့ ၂၀၁၈

ခုနှစ်၊ ဖွဲ့စည်းပုံအခြေခံဥပဒေမှာပါပြီးသားဖြစ်တဲ့ နိုင်ငံသားနှင့် နိုင်ငံသားများ၏ မူလအခွင့်အရေးနှင့်တာဝန်များဆိုတဲ့ အခန်း(၈)မှာပါပြီးသားဖြစ်ပါတယ်။ ပုဒ်မ ၃၄၅ ကနေ ပုဒ်မ ၃၉၀ အထိ ပြဋ္ဌာန်းထားတာတွေ့ရမှာဖြစ်ပါတယ်။ နောက်တစ်ချက်အနေနဲ့ ၂၀၀၈ ခုနှစ်၊ ဖွဲ့စည်းပုံအခြေခံဥပဒေရဲ့ အခြေခံမူမှာကို ပြည်ထောင်စုမပြိုကွဲရေး၊ တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေး၊ အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေးဆိုတာတွေ အကုန်လုံးဟာ ဒီနိုင်ငံသားများရဲ့ မူလအခွင့်အရေးကာကွယ်စောင့်ရှောက်သည့်ဥပဒေပဲဖြစ်ပါတယ်။ နောက် နိုင်ငံတကာအတွေ့အကြုံအရကြည့်မယ်ဆိုရင်လည်း နိုင်ငံတကာမှာ တိုင်းပြည်ရဲ့ အုပ်ချုပ်ရေး၊ စီးပွားရေးနှင့် နိုင်ငံရေးတည်ငြိမ်မှုပေါ် မူတည်ပြီးတော့ လူ့အခွင့်အရေးနှင့်ပတ်သက်ပြီး HR, HR ဆိုပြီးအော်အော်နေကြသလို ကျွန်မတို့ တိုင်းပြည်မှာလည်း အော်နေကြတာတွေ့ရမှာပါ။ အဲဒီတော့ ကျွန်မတို့တိုင်းပြည်မှာလည်း တိုင်းပြည်ပေါ် အခြေအနေပေါ် မူတည်ပြီးတော့ အခု လူ့အခွင့်အရေးနဲ့ပတ်သက်တဲ့ NGO များလည်း ရှိပါတယ်။ ဒါပေမယ့် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် အစိုးရအနေနဲ့လည်း လူ့အခွင့်အရေးကော်မရှင်ကို ပညာရှင်တွေနဲ့ ဖွဲ့စည်းပြီးဆောင်ရွက်နေတာ ရှိပြီးဖြစ်ပါတယ်။ အဲဒီတော့ နောက်တစ်ချက်အနေနဲ့ ပြောရမယ်ဆိုရင် ကျွန်မတို့ ပထမအကြိမ် ပြည်ထောင်စုလွှတ်တော်ကြီး ၂၀၁၁ ခုနှစ်၊ မတ်လ ၃၀ ရက်နေ့ ပြည်ထောင်စုလွှတ်တော်ရဲ့ (၁၈)ရက်မြောက်နေ့မှာ နိုင်ငံတော်သမ္မတကြီးကလာပြီးတော့ မိန့်ခွန်းပြောခဲ့ပါတယ်။ အဲဒီမိန့်ခွန်းကဘာလဲဆိုတော့ ကျွန်မဖတ်ပြခွင့်ပြုပါ။ ဒုတိယဥက္ကဋ္ဌကြီးရှင့်။ နိုင်ငံတော်သမ္မတကြီးက မြန်မာ့လူ့ဘောင်အဖွဲ့အစည်းကို စည်းလုံးညီညွတ်တဲ့ လူ့အဖွဲ့အစည်းအဖြစ်တည်ဆောက်နိုင်ဖို့ နိုင်ငံသားများရဲ့ မူလအခွင့်အရေးများကို အာမခံနိုင်ဖို့ဆိုတဲ့ ပြည်တွင်းရေးရာမူဝါဒများကို ဦးစားပေးဆောင်ရွက်သွားမှာဖြစ်ကြောင်း ကတိပြုပြောကြားအပ်ပါတယ်ခင်ဗျား။ တစ်ခါကျွန်တော်တင်ပြခဲ့တဲ့ ပြည်တွင်းရေးရာမူဝါဒများကို အကောင်အထည်ဖော်နိုင်ဖို့အတွက် ပြည်ထောင်စုအစိုးရအဖွဲ့အနေနဲ့ အောက်ပါဥပဒေပြုရေးအစီအစဉ်များကို သက်ဆိုင်ရာ လွှတ်တော်များသို့ တင်သွင်းပြီး အကောင်အထည်ဖော်နိုင်အောင် ဆက်လက်ဆောင်ရွက်သွားမှာဖြစ်ပါတယ်ဆိုပြီးတော့ အချက် ၁၀ ချက်ပြောပါတယ်။

ပထမအချက်က (၁) တည်ဆဲဥပဒေများမှာ ဖွဲ့စည်းပုံအခြေခံဥပဒေပါ ပြဋ္ဌာန်းချက်များနှင့် မဆီလျော်သောအချက်များကို ပြန်လည်ပြင်ဆင်ခြင်း၊ (၂) နိုင်ငံသားများ၏ မူလအခွင့်အရေးများကို အခြေခံဥပဒေပါပြဋ္ဌာန်းချက်များနှင့်အညီ ဖော်ဆောင်ပေးနိုင်မယ့် ဥပဒေကြမ်းများတင်သွင်းခြင်း၊ (၃) ဝန်ထမ်းများနှင့် အငြိမ်းစားဝန်ထမ်းလစာများကို အခြေအနေအချိန်အခါအရ ပြင်ဆင်သတ်မှတ်တဲ့

**မူကြမ်း**

ဥပဒေများပြဋ္ဌာန်းခြင်းအစရှိသဖြင့် အားလုံးပေါင်း (၁၀)ချက် နိုင်ငံတော်သမ္မတကြီးက ကတိကဝတ် ပြောကြားသွားပြီးသားဖြစ်ပါတယ်။ အဲဒီတော့ အခုတစ်ခါမှာ ခုနက ဦးစိုးဝင်းပြောသွားတဲ့ဟာကို တစ်ခါပြန်ကြည့်မယ်ဆိုရင် ကျွန်မတို့ ဒုတိယဥက္ကဋ္ဌကြီး သတိပေးမှာစိုးရိမ်ပါတယ်။ တစ်နည်းအားဖြင့် ပြောရရင် Democratic Force က ကျွန်မရဲ့အဆိုတွေဆိုရင် မေးခွန်းအဖြစ်နဲ့ပြောင်းပစ်ခဲ့ရတာ ဒီလေးနှစ်အတောအတွင်းမှာ အတော်များပါတယ်။ ဘာဖြစ်လို့လဲဆိုတော့ ကျွန်မတို့အဆို ရှုံးမှာမို့လို့ မဲခွဲရင် ရှုံးမှာဆိုတာ သေချာတဲ့အတွက်ကြောင့် ကျွန်မက အဆိုကို မေးခွန်းအဖြစ်ပြောင်းခဲ့တာပါ။ အခု ဦးစိုးဝင်းအဖြစ်အပျက်ကလည်း ဒီဟာ ဥပဒေကြမ်းကို တင်တာပါ။ ကျွန်မတို့ တင်တဲ့ဥပဒေကြမ်းတွေ မအောင်မြင်မှာစိုးလို့ အဆိုအဖြစ်ပြောင်းပြီးတော့ တင်ခိုင်းတာပါ။ အဲဒီတော့ နောက်ဆုံးပြောရမယ် ဆိုရင်တော့ ကျွန်မက စမ်းချောင်းမဲဆန္ဒနယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးစိုးဝင်းရဲ့ ဖွဲ့စည်းပုံ အခြေခံဥပဒေနှင့် တည်ဆဲဥပဒေများအပါ အခွင့်အရေးများကို နိုင်ငံသားများ အပြည့်အဝရရှိစေ ရန်လည်းကောင်း ယင်းအခွင့်အရေးတစ်ရပ်ရပ် ထိခိုက်ဆုံးရှုံးမှုမရှိစေရေးအတွက် ကာကွယ်စောင့် ရှောက်ရန်နှင့် နိုင်ငံသားများ၏ မူလအခွင့်အရေးများကို ကာကွယ်စောင့်ရှောက်လိုသည့် ရည်ရွယ်ချက် ဖြင့် ဦးစိုးဝင်းတင်ပြသော မြန်မာနိုင်ငံသားများ၏ အခွင့်အရေး ကာကွယ်စောင့်ရှောက်ရေး ဥပဒေကြမ်းကို ပြည်သူ့လွှတ်တော်မှ လက်ခံဆွေးနွေးပေးပါရန် လေးလေးနက်နက်ထောက်ခံအပ် ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်။

**ဒုတိယဥက္ကဋ္ဌ။** ။ ဦးစိုးဝင်း တင်သွင်းသွားတဲ့အဆို ထောက်ခံပေးတဲ့ ဒေါ်တင်နွယ်ဦး ကပြောပါတယ်။ ပြောမှာစိုးလို့ဆိုတော့လည်း မပြောဘဲလည်းမနေနိုင်ဘူး။ ကျွန်တော်ကလည်း ပြောရတော့မလိုဖြစ်နေပြီ။ ဒီနေရာမှာ ပြောချင်တာ တခြားမဟုတ်ပါဘူး။ တကယ်တမ်းပြောရရင် ကိုယ်စားလှယ်ကြီး ဒေါ်တင်နွယ်ဦးစိတ်ထဲမှာ ငါတော့ဖြင့် ရှုံးတော့မှာပဲ။ Democratic Force က တင်လိုက်တဲ့ ဟာမှန်သမျှ ရှုံးတော့မှာပဲဆိုတဲ့ စိတ်ကြီးမစွဲစေချင်ပါဘူး။ ကိုယ်တင်တဲ့အဆို၊ ကိုယ်တင် တဲ့မေးခွန်း မှန်တယ်ကောင်းတယ်ဆိုရင် အလိုအလျောက်အောင်မြင်မှာဖြစ်ပါတယ်။ ဒါကြောင့်မို့လို့ မိမိရဲ့ တင်တဲ့မေးခွန်းတွေ၊ အဆိုတွေ အရည်အသွေးကောင်းပြီး မြင့်လာအောင်သာ အရင်ဆုံး ကြိုးစားဖို့သင့်တယ်လို့ ကျွန်တော့်အနေနဲ့ အကြံပြုလိုပါတယ်။ ဘာကြောင့်လဲဆိုတော့ အဲဒီလိုများသာ အတွေးတွေးနေမယ်ဆိုရင် အများကြားထဲစိတ်ထဲမှာလည်းပဲ ဒေါ်တင်နွယ်ဦး တင်လိုက်တဲ့အဆိုမှန် သမျှကို အများက လက်မခံဘဲနဲ့ ဘာပဲတင်တင် ပယ်တော့မှာပဲဆိုတဲ့ စိတ်မျိုးတွေလည်း ကာယကံ ရှင်လည်း မဖြစ်စေချင်သလို ကျန်တဲ့သူတွေစိတ်ထဲမှာလည်း မစွဲစေချင်ပါဘူး။ တကယ်တမ်းပြောရရင်

ကျွန်တော်တို့ ဥက္ကဋ္ဌကြီးကလည်း အားလုံးကို မျှမျှတတဖြစ်စေချင်တဲ့အတွက် အမြဲတမ်း စေတနာထားပြီးတော့ ကူညီဆောင်ရွက်ပေးနေတာဖြစ်တယ်ဆိုတာကိုလည်း ကျွန်တော် ထင်တယ် ကိုယ်စားလှယ်အားလုံး သဘောပေါက်လက်ခံနိုင်မှာပါ ဘယ်သူမှမငြင်းပါဘူး။ ဒါကြောင့်မို့လို့ ထောက်ခံပေးတဲ့အတွက်လည်း ကျေးဇူးတင်ပါတယ်။ ပြောမှာစိုးတယ်ဆိုပေမယ့်လည်း ပြောရတော့မှာပဲ ဒေါ်တင်နွယ်ဦးရေ ပြောလိုက်မိပါတယ်။ ကျွန်တော်ကိုတော့ နားလည်ခွင့်လွှတ်ပေးပါ။ ဒါကြောင့်မို့လို့ ဦးစိုးဝင်းတင်သွင်းတဲ့အဆို ထောက်ခံတဲ့ ဒေါ်တင်နွယ်ဦး ရှိပါတယ်။ ဦးစိုးဝင်းတင်သွင်းသွားတဲ့ ဥပဒေကြမ်းနဲ့ပတ်သက်ပြီးတော့လည်း သက်ဆိုင်ရာ ပြည်ထဲရေးဝန်ကြီးဌာနရဲ့ သဘောထားကိုလည်း သိလိုပါတယ်။

**ဗိုလ်မှူးချုပ်ကျော်ဇံမြင့်(ဒုတိယဝန်ကြီး၊ ပြည်ထဲရေးဝန်ကြီးဌာန)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော် ဒုတိယဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ၊ ဖိတ်ကြားထားတဲ့ဧည့်သည်တော်များအားလုံး မင်္ဂလာပါလို့ နှုတ်ခွန်းဆက်သအပ်ပါတယ်။ ကျွန်တော်ကတော့ ပြည်ထဲရေးဝန်ကြီးဌာန၊ ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဇံမြင့်ဖြစ်ပါတယ်။ ရန်ကုန်တိုင်းဒေသကြီး၊ စမ်းချောင်းမဲဆန္ဒနယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးစိုးဝင်းတင်သွင်းတဲ့ မြန်မာနိုင်ငံသားများ အခွင့်အရေးကာကွယ်စောင့်ရှောက်ရေးဥပဒေကြမ်းနှင့် စပ်လျဉ်းပြီးတော့ ကျွန်တော်တို့ ပြည်ထဲရေးဝန်ကြီးဌာနရဲ့သဘောထားကို တင်ပြဆွေးနွေးသွားမှာဖြစ်ပါတယ်။ မြန်မာနိုင်ငံသားများ အခွင့်အရေးကာကွယ်စောင့်ရှောက်ရေးဥပဒေကြမ်းနှင့် စပ်လျဉ်းပြီးတော့ စိစစ်လေ့လာတဲ့အခါမှာ အခန်း(၈)ခန်း၊ ပုဒ်မပေါင်း ၄၀ ပါဝင်ကြောင်း တွေ့ရှိရပါတယ်။ ကိုယ်စားလှယ်တော်ကြီးတင်ပြထားတဲ့ ဥပဒေကြမ်းရဲ့ ရည်ရွယ်ချက်ကတော့ ၂၀၀၈ ခုနှစ်၊ ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၂၁ ပုဒ်မခွဲ(ဃ)အရ နိုင်ငံသားများရဲ့ လွတ်လပ်ခွင့်၊ လုပ်ကိုင်ခွင့်၊ ခံစားခွင့်၊ တာဝန်နှင့်တားမြစ်ချက်များ ထိရောက်ခိုင်မာစေရန်အတွက် လိုအပ်သော ဥပဒေပြဋ္ဌာန်းချက်များနှင့်အညီ မြန်မာနိုင်ငံသားရဲ့အခွင့်အရေးများကို သတ်မှတ်ပေးရန်အတွက်ဖြစ်ကြောင်းလည်း တွေ့ရှိရပါတယ်။ ကိုယ်စားလှယ်တော်ကြီးတင်ပြထားတဲ့ ဥပဒေကြမ်း အခန်း(၃)ပါ အခွင့်အရေးအမျိုးအစားအလိုက် ဖော်ပြချက်များဟာ ၂၀၀၈ ခုနှစ်၊ ဖွဲ့စည်းပုံအခြေခံဥပဒေ အခန်း(၈)မှာပါဝင်တဲ့ နိုင်ငံသားများရဲ့မူလအခွင့်အရေးနဲ့ တာဝန်များအခန်းမှ နိုင်ငံသားများရဲ့ မူလအခွင့်အရေးပြဋ္ဌာန်းချက်များကို ကိုးကားရေးဆွဲထားတာကိုတွေ့ရှိရပါတယ်။ အလားတူ ဥပဒေကြမ်း အခန်း(၇) လုံခြုံရေးဝန်ထမ်းများဆိုင်ရာကိစ္စများ ဖော်ပြချက်သည်ဟာလည်း ၂၀၀၈ ခုနှစ်၊ ဖွဲ့

စည်းပုံအခြေခံဥပဒေပုဒ်မ ၃၈၂ ပြဋ္ဌာန်းချက်များကိုလည်း မှီငြမ်းရေးသားထားကြောင်း တွေ့ရှိရပါတယ်။

နောက် ဥပဒေကြမ်းအခန်း(၄)ပါ တိုင်ကြားခြင်းနှင့်အရေးယူအပြစ်ပေးခြင်းအတွက်ကို ဖော်ပြချက်များဟာ ၁၉၇၅ ခုနှစ်၊ နိုင်ငံသားများရဲ့အခွင့်အရေးကာကွယ်စောင့်ရှောက်ပေးသည့်ဥပဒေ အခန်း(၃)မှာ ပါဝင်တဲ့ပြဋ္ဌာန်းချက်များကို မှီငြမ်းရေးသားထားပါတယ်။ အလားတူ ဥပဒေကြမ်း အခန်း(၅) နိုင်ငံသားများ၏ အခွင့်အရေးများကို ကာကွယ်စောင့်ရှောက်ပေးခြင်းအတွက် ဖော်ပြချက်များနှင့် ဥပဒေကြမ်း အခန်း(၆) အခွင့်အာဏာအလွဲသုံးစားပြုတဲ့အတွက် နစ်နာ၍အရေးယူခြင်းအတွက် ဖော်ပြချက်များဟာ ၁၉၇၅ ခုနှစ်၊ နိုင်ငံသားများရဲ့အခွင့်အရေးကာကွယ်စောင့်ရှောက်ပေးသည့်ဥပဒေ အခန်း(၄)နှင့်(၅)တို့တွင်ပါဝင်သော ပြဋ္ဌာန်းချက်များကို မှီငြမ်းကိုးကား၍ ခေတ်ကာလအခြေအနေနှင့် ကိုက်ညီအောင် စကားရပ်များအစားထိုး ပြင်ဆင်ရေးဆွဲထားခြင်းဖြစ်ကြောင်းလည်း တွေ့ရှိရပါတယ်။ ကိုယ်စားလှယ်တော်ကြီးတင်ပြထားတဲ့ မြန်မာနိုင်ငံသားများအခွင့်အရေးကာကွယ်စောင့်ရှောက်ရေး ဥပဒေကြမ်းရေးသားရာမှာ မှီငြမ်းကိုးကားထားတဲ့ ၁၉၇၅ ခုနှစ်၊ နိုင်ငံသားများရဲ့ အခွင့်အရေး ကာကွယ်စောင့်ရှောက်ပေးသည့်ဥပဒေနဲ့စပ်လျဉ်းပြီးတော့ လေ့လာတဲ့အခါမှာ ၁၉၇၄ ခုနှစ်၊ ပြည်ထောင်စုဆိုရှယ်လစ်သမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေတွင် စာချွန်တော်လျှောက်ထားခွင့်ပါရှိခဲ့ခြင်းမရှိတဲ့အတွက် နိုင်ငံသားတိုင်း တရားဝင်ခံစားခွင့်ရှိသော အခွင့်အရေးများနှင့် စပ်လျဉ်း၍ နစ်နာမှုရှိပါက တိုင်တန်းခြင်းနှင့်အရေးယူခြင်းတို့ကို ဆောင်ရွက်နိုင်ရန်အတွက် ရည်ရွယ်ပြီးတော့ ပြဋ္ဌာန်းခဲ့ခြင်းဖြစ်ကြောင်း တွေ့ရှိရပါတယ်။ ၂၀၀၈ ခုနှစ်၊ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေမှာ နိုင်ငံသားများအတွက် အခန်း(၈)၌ ပေးအပ်ထားသော အခွင့်အရေးတစ်ရပ်ရပ်ကို ရယူလိုလျှင် သတ်မှတ်ချက်များနှင့်အညီ ပြည်ထောင်စုတရားလွှတ်တော်ချုပ်ရုံးသို့ စာချွန်တော်လျှောက်ထားပိုင်ခွင့်ရှိသည်ဟု ထည့်သွင်းပြဋ္ဌာန်းထားကြောင်းလည်း လေ့လာတွေ့ရှိရပါတယ်။ ၂၀၀၈ ခုနှစ်၊ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေ အခန်း(၈)မှာ နိုင်ငံသား၊ နိုင်ငံသားများရဲ့မူလအခွင့်အရေးများကို ပြဋ္ဌာန်းပေးထားပြီး ထိုအခွင့်အရေးတစ်ရပ်ရပ် ရယူလိုပါက ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၃၇၇၊ ၃၇၈ တို့နှင့်အညီ ပြည်ထောင်စုတရားလွှတ်တော်ချုပ်သို့ စာချွန်တော်လျှောက်ထားရယူနိုင်ကြောင်း ပြဋ္ဌာန်းထားပြီးဖြစ်တဲ့အတွက် ပိုမိုပြည့်စုံကောင်းမွန်ကြောင်းလည်း တွေ့ရှိရပါတယ်။ ပြည်ထောင်စုတရားလွှတ်တော်ချုပ်ကလည်း ၂၀၁၃ ခုနှစ်၊ ဖေဖော်ဝါရီလ ၁၅ ရက်နေ့ ရက်စွဲပါအမိန့်ကြော်ငြာစာအမှတ်(၁၁၇/၂၀၁၃)ဖြင့် စာချွန်တော်အမိန့်

လျှော့ကျထားမှုဆိုင်ရာ နည်းဥပဒေကိုလည်း ထုတ်ပြန်ခဲ့ပြီးဖြစ်ပါတယ်။ အလားတူ ၂၀၁၄ ခုနှစ်၊ ဇွန်လ ၅ ရက်နေ့မှာလည်း ပြည်ထောင်စုလွှတ်တော်ဥပဒေအမှတ်(၂၄)ဖြစ်တဲ့ ၂၀၁၄ ခုနှစ်၊ စာချွန်တော် အမိန့်လျှော့ကျထားမှုဆိုင်ရာဥပဒေကိုလည်း ပြဋ္ဌာန်းထားပြီးဖြစ်ကြောင်း လေ့လာတွေ့ရှိရပါတယ်။

သို့ဖြစ်ပါ၍ မြန်မာနိုင်ငံသားများ အခွင့်အရေးကာကွယ်စောင့်ရှောက်ရေးဥပဒေကြမ်းတွင် ဖော်ပြချက်များသည် ၂၀၀၈ ခုနှစ်၊ ဖွဲ့စည်းပုံအခြေခံဥပဒေပါ နိုင်ငံသား၏ အခွင့်အရေးများကို သတ်မှတ်ပေးရန်အတွက် ဖြစ်သည်ကို တွေ့ရှိရပြီးတော့ လက်ရှိကိုင်တွယ်ကျင့်သုံးလျက်ရှိသော ၂၀၀၈ ခုနှစ်၊ ဖွဲ့စည်းပုံအခြေခံဥပဒေတွင် နိုင်ငံသားများရဲ့ အခွင့်အရေးတစ်ရပ်ရပ်ကို ရယူနိုင်ရန်အတွက် စာချွန်တော် လျှော့ကျထားရယူပိုင်ခွင့် ပြဋ္ဌာန်းပေးထားပြီးဖြစ်တဲ့အပြင် ၂၀၁၃ ခုနှစ် စာချွန်တော်အမိန့် လျှော့ကျထားမှုဆိုင်ရာနည်းဥပဒေ ၂၀၁၄ ခုနှစ် စာချွန်တော်အမိန့် လျှော့ကျထားမှုဆိုင်ရာဥပဒေနှင့် ၁၉၇၅ ခုနှစ် နိုင်ငံသားများ၏ အခွင့်အရေးများ ကာကွယ်စောင့်ရှောက်ပေးတဲ့ ဥပဒေတို့မှာ ပြည့်စုံလုံလောက်စွာ ပြဋ္ဌာန်းထားပြီးဖြစ်တဲ့အတွက် ဥပဒေသစ်တစ်ရပ် ထပ်မံပြဋ္ဌာန်းရန် လိုအပ်မည်မဟုတ်ပါသဖြင့် လက်ခံဆွေးနွေးရန် မသင့်ပါကြောင်း ပြန်လည်ရှင်းလင်းတင်ပြအပ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်။

**ဒုတိယဥက္ကဋ္ဌ**။ ။ ရှေ့နေချုပ်ရုံးက တင်ပြစရာရှိရင် သဘောထားကိုလည်းသိလိုပါတယ်။

**ဦးထွန်းထွန်းဦး(ဒုတိယရှေ့နေချုပ်၊ ပြည်ထောင်စုရှေ့နေချုပ်ရုံး)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဒုတိယဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်တော်ကြီးများ၊ ဧည့်သည်တော်များကို ကျွန်တော် ဒုတိယရှေ့နေချုပ် ဦးထွန်းထွန်းဦးမှ မင်္ဂလာပါအပေါင်းနှင့် ပြည့်စုံပါစေကြောင်း လေးစားစွာဖြင့် ဂါရဝပြုနှုတ်ခွန်းဆက်သအပ်ပါတယ်။ ကျွန်တော့်အနေနဲ့ ရန်ကုန်တိုင်းဒေသကြီး၊ စမ်းချောင်းမဲဆန္ဒနယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးစိုးဝင်းတင်သွင်းတဲ့ မြန်မာနိုင်ငံသားများရဲ့အခွင့်အရေးများ ကာကွယ်စောင့်ရှောက်ရေးဥပဒေကြမ်းနှင့်ပတ်သက်ပြီး ကျွန်တော်တို့ရုံးရဲ့ သဘောထားကို တင်ပြမှာဖြစ်ပါတယ်။ ယခုတင်သွင်းတဲ့ဥပဒေကြမ်းကို လွှတ်တော်ကိုယ်စားလှယ် ဦးစိုးဝင်းက ပထမအကြိမ် ပြည်သူ့လွှတ်တော် ပဉ္စမပုံမှန်အစည်းအဝေးမှာ တင်သွင်းခဲ့ဖူးပါတယ်။ ဒါပေမယ့် လွှတ်တော်မှာအဆိုအဖြစ် ပြောင်းလဲတင်သွင်းဆွေးနွေးပြီးတော့ မြန်မာနိုင်ငံသားများရဲ့ အခွင့်အရေးများကာကွယ်စောင့်ရှောက်ရေးဥပဒေကိုပြင်ဆင်ခြင်း၊ ပယ်ဖျက်ခြင်း၊ အသစ်ပြဋ္ဌာန်းခြင်း တစ်ခုခု ဆောင်ရွက်ပေးဖို့ ပြည်ထောင်စုအစိုးရနှင့်လွှတ်တော်ကို တိုက်တွန်းကြောင်းအဆိုကို

လွှတ်တော်က အတည်ပြုခဲ့ပါတယ်။ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးစိုးဝင်း ယခုတင်သွင်းတဲ့ မြန်မာနိုင်ငံသားများရဲ့အခွင့်အရေးများ ကာကွယ်စောင့်ရှောက်ရေးဥပဒေကြမ်းဟာ ပထမအကြိမ် ပြည်သူ့လွှတ်တော် ပဥ္စမပုံမှန်အစည်းအဝေးမှာ တင်သွင်းခဲ့တဲ့ ဥပဒေကြမ်းကို ထပ်မံတင်သွင်းခြင်း ဖြစ်ပါတယ်။ ဒီဥပဒေကြမ်းဟာ ၁၉၇၅ ခုနှစ်၊ နိုင်ငံသားများရဲ့ အခွင့်အရေးများ ကာကွယ်စောင့်ရှောက် ပေးတဲ့ ဥပဒေကိုရုပ်သိမ်းပြီးတော့ အစားထိုးပြဋ္ဌာန်းဖို့ တင်သွင်းတဲ့ဥပဒေကြမ်းဖြစ်တာ တွေ့ရှိရပါ တယ်။ ၁၉၇၅ ခုနှစ်၊ နိုင်ငံသားများရဲ့ အခွင့်အရေးများ ကာကွယ်စောင့်ရှောက်ပေးတဲ့ ဥပဒေဟာ ၁၉၇၄ ခုနှစ်၊ ပြည်ထောင်စုဆိုရှယ်လစ်သမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၁၁၂ (ခ) နဲ့ ပြည်သူ့ဥပဒေအကျိုးဆောင်အဖွဲ့ ဥပဒေပုဒ်မ ၆(ခ)တို့ပါ လုပ်သားပြည်သူတို့ရဲ့ ရပိုင်ခွင့်များနဲ့ အခွင့်အရေးများကို ကာကွယ်စောင့်ရှောက်ခြင်းဆိုတဲ့ ပြဋ္ဌာန်းချက်ကို အခြေခံပြီးတော့ ဖွဲ့စည်းပုံ အခြေခံဥပဒေနဲ့ ရှိရင်းစွဲဥပဒေများပါ အခွင့်အရေးများကို နိုင်ငံသားများရရှိနိုင်ဖို့ ပြဋ္ဌာန်းခဲ့တာ ဖြစ်ပါတယ်။ ၁၉၇၄ ခုနှစ်၊ ဖွဲ့စည်းပုံအခြေခံဥပဒေဟာ ၂၀၀၈ ခုနှစ်၊ ဖွဲ့စည်းပုံအခြေခံဥပဒေကဲ့သို့ နိုင်ငံသားများရဲ့အခွင့် အရေးတစ်ရပ်ရပ်ကိုရရှိဖို့ စာချွန်တော်လျှောက်ထားခွင့်ပြုတဲ့ ပြဋ္ဌာန်းချက်မျိုး မပါတာကြောင့် နိုင်ငံသားတိုင်းမိမိတို့တရားဝင်ခံစားခွင့်ရှိတဲ့ အခွင့်အရေးများနဲ့ပတ်သက်ပြီး နစ်နာချက်ရှိရင် တိုင်းတန်းခွင့်ရှိဖို့၊ အရေးယူဆောင်ရွက်နိုင်ဖို့၊ ဒါဥပဒေနဲ့လုပ်ထုံး လုပ်နည်းများကို ပြဋ္ဌာန်းခဲ့တာဖြစ်ပါတယ်။ ၂၀၀၈ ခုနှစ်၊ ဖွဲ့စည်းပုံအခြေခံအခန်း (၈) မှာ နိုင်ငံသားများရဲ့ မူလ အခွင့်အရေးများကို ဖော်ပြထားပြီးတော့ ဒီအခွင့်အရေးတစ်ရပ်ရပ်ကိုရယူလိုလို့ရှိရင် ပြည်ထောင်စု တရားလွှတ်တော်ချုပ်ကို စာချွန်တော်လျှောက်ထားရယူခွင့်ရှိကြောင်းလည်း ဖွဲ့စည်းပုံအခြေခံဥပဒေ ပုဒ်မ ၃၇၇ နှင့် ၃၇၈ တို့မှာ ပြဋ္ဌာန်းထားပါတယ်။ ဒီပြဋ္ဌာန်းချက်ကို အကောင်အထည်ဖော် ဆောင်ရွက်နိုင်ဖို့ စာချွန်တော်အမိန့်လျှောက်ထားမှုဆိုင်ရာ ဥပဒေ၊ နည်းဥပဒေများကိုလည်း ပြဋ္ဌာန်း ပြီးတော့ လက်ရှိကျင့်သုံးဆောင် ရွက်လျက်ရှိတာကို တွေ့ရှိရပါတယ်။ ပြည်သူ့လွှတ်ကော် ကိုယ်စားလှယ်ကြီးရဲ့ ဥပဒေပြဋ္ဌာန်းပေးရေး အဆိုတင်သွင်းခဲ့ခြင်းနှင့်စပ်လျဉ်းပြီးတော့ လွှတ်တော်ရဲ့ အတည်ပြုခဲ့မှုအပေါ်မှာ အလေးအနက်ထားပြီးတော့ တည်ဆဲဥပဒေကို ပြင်ဆင်ဖြည့်စွက်နိုင်ရေး ကြိုးစားပြီးတော့ စိစစ်ဆောင်ရွက်ခဲ့ပါတယ်။ စိစစ်ဆောင်ရွက်ခဲ့သော်လည်းပဲ နိုင်ငံသားအခွင့်အရေး များနှင့်ကုစားခွင့်များအားလုံးဟာ ဖွဲ့စည်းပုံအခြေခံဥပဒေမှာပြဋ္ဌာန်းပါရှိပြီးဖြစ်သဖြင့်လည်းကောင်း၊ ဒီကနေ့အခြေအနေဟာ ၂၀၀၈ ခုနှစ်၊ ဖွဲ့စည်းပုံအခြေခံဥပဒေနဲ့ တည်ဆဲဥပဒေအဟောင်းဟာ ပြဋ္ဌာန်းထားတဲ့ အနှစ်သာရမတူဘဲနဲ့ များစွာခြားနားလျက်ရှိတဲ့အပြင် ဖြစ်ပေါ်ဖြတ်သန်းခဲ့တဲ့

ခေတ်အလိုက် အဆိုပါဥပဒေမှာ ပြဋ္ဌာန်းခဲ့တဲ့အခေါ်အဝေါ်တွေဟာလည်း အစားထိုးပြောင်းလဲပြင်ဆင်ရန်မှာ ခက်ခဲပြီးတော့ ခေတ်နဲ့မလျော်ညီတော့တဲ့အတွက် တည်ဆဲဥပဒေကိုလည်း ပြင်ဆင်ဖြည့်စွက်ခြင်းများ ဆောင်ရွက်ရန်မသင့်ဘဲနဲ့ ပယ်ဖျက်ရုပ်သိမ်းဖို့သာသင့်တယ်လို့ ကျွန်တော်တို့ အနေနဲ့တော့ သဘောရရှိပါတယ်။ ပြည်သူ့လွှတ်ကော်ကိုယ်စားလှယ် ဦးစိုးဝင်းတင်သွင်းတဲ့ အခုဥပဒေကြမ်းမှာဖော်ပြထားတဲ့ မြန်မာနိုင်ငံသားများရဲ့ အခွင့်အရေးများဟာလည်း ၂၀၀၈ ခုနှစ်၊ ဖွဲ့စည်းပုံအခြေခံဥပဒေအခန်း(၈)ပါ နိုင်ငံသားများရဲ့ မူလအခွင့်အရေးများပြဋ္ဌာန်းချက်တွေအတိုင်းပဲ ဖြစ်တာကိုတွေ့ရှိရပါတယ်။ ယခုတင်သွင်းတဲ့ဥပဒေကြမ်းပါ မြန်မာနိုင်ငံသားများရဲ့ အခွင့်အရေးများကို ဖွဲ့စည်းပုံအခြေခံဥပဒေ စာချွန်တော်အမိန့်လျှောက်ထားမှုဆိုင်ရာ ဥပဒေ၊ နည်းဥပဒေများနှင့်အညီ တရားဝင်ခံစားခွင့်ရယူနိုင်ပြီးဖြစ်သလို နိုင်ငံသားများအနေနဲ့လည်း လက်တွေ့ကျင့်သုံးခံစားခွင့် ရရှိနေတာကိုတွေ့ရှိရပါတယ်။ သို့ဖြစ်ပါ၍ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးစိုးဝင်းတင်သွင်းတဲ့ မြန်မာနိုင်ငံသားများရဲ့ အခွင့်အရေးများ ကာကွယ်စောင့်ရှောက်ရေးဥပဒေကြမ်းပါ အချက်အလက်များဟာဖွဲ့စည်းပုံအခြေခံဥပဒေအရလည်း ဆောင်ရွက်ခွင့်ရှိပြီးဖြစ်တာကြောင့် တင်ပြပါဥပဒေကြမ်းကို လက်ခံဆွေးနွေးဖို့မသင့်သေးဟု ယူဆပါကြောင်းနှင့် အကယ်၍ ဥပဒေအသစ်တစ်ရပ် ပြဋ္ဌာန်းဆောင်ရွက်မယ်ဆိုရင်လည်း ဖွဲ့စည်းပုံအခြေခံဥပဒေနှင့်အညီ ပိုမိုပြည့်စုံတဲ့ဥပဒေကောင်းတစ်ရပ်ဖြစ်ဖို့ အချိန်ယူလေ့လာစဉ်းစားပြီး ကျယ်ကျယ်ပြန့်ပြန့်ဆွေးနွေးဆုံးဖြတ်သင့်ပါကြောင်း တင်ပြအပ်ပါတယ်။ ကျေးဇူးတင်ပါတယ်။

**ဒုတိယဥက္ကဋ္ဌ**။ ။ ဆက်လက်ပြီးတော့ ဥပဒေကြမ်းကော်မတီအနေနဲ့ သဘောထားလေးလည်း သိလိုပါတယ်။

**ဒေါက်တာစိုးမိုးအောင်(အဖွဲ့ဝင်၊ ဥပဒေကြမ်းကော်မတီ)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဒုတိယဥက္ကဋ္ဌကြီးနှင့် လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ စမ်းချောင်းမဲဆန္ဒနယ်မှ ဦးစိုးဝင်းတင်သွင်းတဲ့ မြန်မာနိုင်ငံသားများရဲ့ အခွင့်အရေးများကာကွယ်စောင့်ရှောက်ရေး ဥပဒေကြမ်းနှင့်စပ်လျဉ်းပြီး ပြည်သူ့လွှတ်တော်ဥပဒေကြမ်းကော်မတီအနေနဲ့ နိုင်ငံတော်သမ္မတကြီးရဲ့ သဘောထားမှတ်ချက် အကြံပြုလွှာများကိုလည်းကောင်း၊ ပြည်သူ့လွှတ်တော်ရဲ့ နိုင်ငံသားများ၏ မူလအခွင့်အရေးဒီမိုကရေစီအရေးနှင့်လူ့အခွင့်အရေးဆိုင်ရာကော်မတီရဲ့ အကြံပြုချက်များကိုလည်းကောင်း၊ ပြည်သူ့လွှတ်တော်ဥပဒေရေးရာနှင့်အထူးကိစ္စရပ်များလေ့လာဆန်းစစ်သုံးသပ်ရေးကော်မရှင်ရဲ့ အကြံပြုချက်

များကိုလည်းကောင်း၊ အားလုံးခြုံငုံသတ်မှတ်ပြီး သက်ဆိုင်ရာဝန်ကြီးဌာနနှင့်ရှေ့နေချုပ်ရုံးတို့ရဲ့ အကြံပြုချက်များကိုလည်းကောင်း လေ့လာသုံးသပ်ပြီးတော့ ပြည်သူ့လွှတ်တော်မှာ ဒီဥပဒေကြမ်းကို လက်ခံဆွေးနွေးရန်မသင့်သေးကြောင်း ပြည်သူ့လွှတ်တော်သို့ ဥပဒေကြမ်းကော်မတီအနေနဲ့ တင်ပြအပ်ပါတယ်ခင်ဗျား။

**ဒုတိယဥက္ကဋ္ဌ**။ ။ အတွင်းရေးမှူး ဖြည့်စွက်ပြောစရာရှိရင် ပြောပေးပါ။

**ဦးစောလှထွန်း(အတွင်းရေးမှူး၊ ဥပဒေကြမ်းကော်မတီ)**။ ။ ဦးစိုးဝင်း တင်လာတဲ့ ဥပဒေရည်ရွယ်ချက်ကောင်းမွန်ပါတယ်။ သို့သော်လည်း ဥပဒေတစ်ခုရဲ့ Format ပုံစံ မကျသေးတာကအဓိကအချက်ဖြစ်ပါတယ်။ ကျွန်တော်တို့ ဥပဒေတစ်ခုကိုရေးရင် ဥပဒေရဲ့မူဝါဒပိုင်းဆိုင်ရာရှိပါတယ်။ ပြီးတော့မှ ကျွန်တော်တို့ အမည်၊ အဓိပ္ပာယ်ဖော်ပြချက် တာဝန်ခံဆောင်ရွက်မယ့် ဝန်ကြီးဌာနအဖွဲ့အစည်းတွေရဲ့တာဝန်တွေ၊ လုပ်ပိုင်ခွင့်တွေ သတ်မှတ်ပြဋ္ဌာန်းပေးဖို့လိုပါတယ်။ တားမြစ်ချက်တွေထည့်ဖို့လိုပါတယ်။ ပြစ်မှု၊ ပြစ်ဒဏ်တွေထည့်ဖို့လိုပါတယ်။ အဲဒီတော့ ဥပဒေတစ်ရပ်မှာ ပြည့်စုံရမယ့်အချက်များဟာ ဒီမှာကတော့ အဲဒီလိုဥပဒေပုံစံရေးသားထားခြင်းမဟုတ်ဘဲနဲ့ ပါဝင်သင့်တဲ့အချက်များကို အခြေခံဥပဒေနဲ့ အခြားတည်ဆဲဥပဒေများက အချက်များကို စုစည်းပေးထားတဲ့ အနေအထားမျိုးပဲတွေ့ရပါတယ်။ ဒါကြောင့်မို့ ကျွန်တော်တို့ ဥပဒေကြမ်းကော်မတီက ဆွေးနွေးတင်ပြသလို ဥပဒေပုံစံတစ်ရပ် မပြည့်စုံဘဲနဲ့ ကျွန်တော်တို့က လက်ခံဆောင်ရွက်လိုက်လို့ရှိရင် လုပ်ငန်းစဉ်တစ်ခု ထပ်ပြီးတော့ ကြာသွားမှာလည်းစိုးပါတယ်။ အဲဒီတော့ ဒီမှာပါတဲ့အကြောင်းအရာအချက်အလက်များကို ပြည်ထောင်စုအစိုးရက သော်လည်းကောင်း၊ လွှတ်တော်ကိုယ်စားလှယ်တစ်ဦးကသော်လည်းကောင်း၊ ပြည့်ပြည့်စုံစုံ ကျယ်ကျယ်ပြန့်ပြန့် စဉ်းစားရေးသားပြီးတော့ တင်ပြလာမှသာလျှင် ကျွန်တော်တို့က လက်ခံပြီးတော့ ဆောင်ရွက်ခြင်းဟာ ပိုမိုပြီးတော့ ပြည့်စုံတယ်လို့ အဓိကဆိုလိုရင်းဖြစ်ပါတယ်။ ဦးစိုးဝင်းရဲ့တင်ပြချက်မှာပါရှိတဲ့ အချက်များကိုတော့ ကျွန်တော်တို့က လွှတ်တော်ကိုယ်စားလှယ်ကြီးများထံလည်း ဖြန့်ဝေထားပြီးလည်းဖြစ်ပါတယ်။ ဒီပါဝင်သင့်တဲ့အချက်များကိုလည်း ဥပဒေကြမ်းကော်မတီက မှတ်တမ်းတင်ထားရှိမှာဖြစ်ပြီးတော့ တစ်ကယ်လို့တင်ပြလာတဲ့အချိန်မှာ ဒီအချက်များကို လက်ခံထည့်သွင်းစဉ်းစားပြီးတော့ ဖြည့်စွက်ပေးသွားနိုင်မှာလည်းဖြစ်ပါတယ်။ အဲဒါကြောင့်မို့ ဥပဒေတစ်ရပ်ရဲ့ ပုံစံမပြည့်သေးတဲ့အတွက်သာလျှင် ဒါဟာလက်ခံရန်မသင့်ဘူးလို့ ဆိုလိုပါကြောင်း ဖြည့်စွက်သုံးသပ်တင်ပြအပ်ပါတယ်။

**မူကြမ်း**

**ဒုတိယဥက္ကဋ္ဌ**။ ။ အသီးသီးက အမြင်တွေ၊ သဘောထားတွေ တင်ပြပေးသွားတဲ့အတွက် ကျေးဇူးတင်ပါတယ်။ ဒီနေရာမှာ ကာယကံရှင်ဦးစိုးဝင်းကိုမမေးခင်မှာ ကျွန်တော့်အနေနဲ့လည်း ကျွန်တော်နားလည်သိရှိထားတာလေးနဲ့ ဖြည့်စွက်ပြီးတော့ ကျွန်တော်လည်း သဘောထားလေးတင်ပြချင်ပါတယ်။ အဲဒါကတော့ ဒီဥပဒေကြမ်းကိုတင်သွင်းတဲ့ အဆိုရှင် ကိုယ်စားလှယ်ဦးစိုးဝင်းသည် ကျွန်တော်နားလည်သလောက်တော့ ဥပဒေပညာရှင်စစ်စစ်တော့မဟုတ်ပါဘူး။ သို့သော်လည်းပဲ လွှတ်တော်ကိုယ်စားလှယ်တစ်ဦး ဖြစ်လာပြီးတဲ့အခါမှာ ကိုယ်စားလှယ်တစ်ယောက်ရဲ့ ဆောင်ရွက်ရမည့် တာဝန်၊ ဝတ္တရားများကို ပြည့်စုံအောင်အများနှင့်အတူ ဝိုင်းဝန်းဆောင်ရွက်နေတယ်ဆိုတာကို ကျွန်တော်တို့ နားလည်ထားရပါတယ်။ လက်လည်းလက်ခံထားပါတယ်။ ဒီနေရာမှာ ပြန်ပြောရမယ်ဆိုရင်တော့ ခုနက ဒေါ်တင်နွယ်ဦးဆွေးနွေးသွားသလိုပဲ နဂိုမူလကတည်းက ဦးစိုးဝင်းအနေနဲ့ ဥပဒေမူကြမ်းအနေနဲ့ စပြီးတော့ တင်သွင်းခဲ့ပါတယ်။ သို့သော်လည်း အဲဒီမှာကတည်းက ပိုပြီးတော့အောင်မြင်စေချင်တဲ့အနေနဲ့ ကျွန်တော်တို့ အဆိုအဖြစ်နဲ့ ပြောင်းလဲပြီးတော့ လွှတ်တော်ကရော ပြည်ထောင်စုအစိုးရအဖွဲ့ကပါ လက်ခံလာနိုင်အောင် အဆိုအဖြစ်နဲ့စတင်ဆောင်ရွက်ခဲ့ပါတယ်။ ဒီဆောင်ရွက်ခဲ့တဲ့ အတိုင်းလည်းပဲ ရလာတဲ့အဖြေကလည်းပဲ အားလုံးအတည်ပြုထောက်ခံချက်နဲ့ ကျွန်တော်ဆို့အဆိုကို အောင်မြင်ပြီးတော့ အတည်ပြုခဲ့တာ လည်းဖြစ်ပါတယ်။ ဒီအဆိုအောင်မြင်အတည်ပြုခဲ့တဲ့အတွက်လည်း ဥက္ကဋ္ဌကြီးကနေပြီးတော့ နိုင်ငံတော်သမ္မတကြီးဆီကို သဝဏ်လွှာပို့။ နိုင်ငံတော်သမ္မတကြီးကလည်း သဝဏ်လွှာပြန်ပို့ပြီးတော့ ကျွန်တော်တို့ ဒီဟာတွေအဆင့်ထိရောက်လာခဲ့တာ ဖြစ်ပါတယ်။ ဒီနေရာမှာ ဒီအဆိုအောင်မြင်သွား ပြီးတဲ့နောက်ပိုင်းမှာလည်းပဲ ဒီတင်ပြလာတဲ့ ဥပဒေကြမ်းရဲ့ ရည်ရွယ်ချက်နဲ့စေတနာတွေလည်းပဲ ကောင်းမွန်ကြောင်းကို ဘယ်သူကမှလည်းမငြင်းပါဘူး။ အားလုံးကလည်း လက်ခံအတည်ပြုထားတာ ဖြစ်ပါတယ်။ ဆိုင်ရာဌာန၊ ဆိုင်ရာအသီးသီးတွေကလည်းပဲ အမြင်ကိုပြောဆိုတော့လည်း တည့်ပြောတဲ့ အခါကျတော့လည်း ခုနကပြောသလို ဥပဒေကြမ်းအဖြစ်နဲ့ မပြည့်စုံသေးတဲ့အတွက် ဒီဟာတွေကတော့ဖြင့် ၂၀၀၈ ခုနှစ်၊ ဖွဲ့စည်းပုံအခြေခံဥပဒေထဲမှာလည်းပါပြီးသားဖြစ်ပါတယ်။ ဘာညာစသည်ဖြင့် ကျွန်တော်တို့ ဒါနမူနာပြပြီး ပြောဆိုသွားတာဖြစ်ပါတယ်။ ဒါကိုပဲခုနကအတွင်းရေးမှူးကြီးက နောက်ဆုံးပိတ် ကျွန်တော်တို့ကို ဥပဒေကြမ်းကော်မတီအတွင်းရေးမှူး၊ ဦးစောလှထွန်းကလည်း ဖြည့်စွက်ပြောကြားတဲ့နေရာမှာ ဥပဒေကြမ်းအနေနဲ့လက်ခံရမယ်ဆိုရင်တော့ ဥပဒေကြမ်းအနေနဲ့မပြည့်စုံသေးတဲ့အတွက် ဒီဟာကိုပြန်ပြီးတော့ ပုံစံချနေရရင်အချိန်တွေလည်း တော်တော်ယူရမှာဖြစ်ပါတယ်။ ဒီတစ်ခုတည်းလားဆိုတော့ ဒီတစ်ခု

တည်းမဟုတ်ပါဘူး။ မူလကတည်းက ကျွန်တော်တို့ဥက္ကဋ္ဌကြီးရဲ့ ရည်ရွယ်ချက်ကိုက ပြီးပြည့်စုံစေချင်တယ်။ ဒီအဆိုအဖြစ်အောင်မြင်သွားပြီးတဲ့နေရာမှာပိုပြီးတော့ ပြည့်စုံတဲ့ဥပဒေကြမ်းတစ်ခုလည်းဖြစ်စေလိုတဲ့ ရည်ရွယ်ချက်ရှိပါတယ်။ ဥပဒေကြမ်းတစ်ခုဆောင်ရွက်တဲ့နေရာမှာလည်းပဲ ပိုပြီးတော့ ကျယ်ကျယ်ပြန့်ပြန့် ပါဝင်ဆောင်ရွက်စေလိုတဲ့သဘောလည်းရှိပါတယ်။ ဒါကြောင့်မို့လို ဒီလို အောင်မြင်ပြီးဖြစ်တဲ့အဆိုဟာလည်းပဲ အတည်ဖြစ်ပြီးတဲ့နောက်ပိုင်းမှာ တာဝန်တွေကတော့ လွှတ်တော်မှာရော၊ ပြည်ထောင်စုအစိုးရအဖွဲ့မှာရော တာဝန်တွေကရှိလာပါတယ်။ ဒါကြောင့်မို့လည်း ဒီလိုတာဝန်တွေရှိတဲ့အတွက်လည်းပဲ တိုက်တွန်းကြောင်းအဆိုအောင်မြင်လာတဲ့အခါမှာ ကျွန်တော်တို့ နှစ်ဦးနှစ်ဖက်က ဆောင်ရွက်ပေးဖို့တာဝန်တွေ ဖြစ်လာပါတယ်။ ဒီနေရာမှာလည်းပဲ ပြောရရင်တော့ ခုနကပြောသလိုပါပဲ အမြန်ဆုံးဆောင်ရွက်ပေးပါလို့ပြောတဲ့အတွက် အမှန်ကတော့ ဘယ်ဥပဒေမဆို ကျွန်တော်တို့ မှန်မှန်နဲ့မြန်မြန်ပေါ့။ မှန်မှန်ဆိုတဲ့နေရာမှာ မှန်ကန်တာကို ကျွန်တော်ဆိုလိုတာပါ။ မှန်လည်းမှန်ရမယ်။ မြန်လည်းမြန်ရမယ်။ မလိုအပ်ဘဲနဲ့ အမြန်ကြီးလည်းမဟုတ်ပါဘူး။ အချိန်မှန်မှန်ပဲ ဖြစ်ဖို့လိုပါတယ်။ မှန်ကန်ဖို့လည်းလိုပါတယ်။ မြန်ဆန်ဖို့လည်းလိုပါတယ်။ အဲဒီလိုဆိုလို့ရှိရင် ကျွန်တော်တို့ နိုင်ငံသူ နိုင်ငံသားများအတွက် အကျိုးစီးပွားလည်း မြန်မြန်ဆန်ဆန်အချိန်ယူ အောင်မြင်သွားမှာဖြစ်ပါတယ်။ ဒါ့ကြောင့်မို့လို့ ဒီရည်ရွယ်ချက်လည်းမပျောက်ရအောင် ကျွန်တော်တို့အတည်ဖြစ်ပြီးသားအဆိုကိုလည်းပဲ အတည်ဖြစ်တဲ့အတိုင်းပဲ ဆက်လက်ပြီးဆောင်ရွက်နိုင်အောင် ကျွန်တော်တို့ရဲ့ ဥပဒေကြမ်းကော်မတီရဲ့အတွင်းရေးမှူးကြီး သုံးသပ်သဘောထား အကြံပြုချက်အရလည်းပဲ ကျွန်တော်တို့ဒီဥပဒေကြမ်းလေးကို အကယ်၍များ ထပ်မံဖြည့်စွက်ပြင်ဆင်ပေးမလား။ သို့တည်းမဟုတ် ဒီဟာကိုပဲကျွန်တော်တို့ ကိုင်ဆွဲထားပြီးတော့ ပြည်ထောင်စုအစိုးရအဖွဲ့ကနေပြီးတော့ မကြာမီအချိန်ပိုင်းမှာပဲ ရေးဆွဲပြီးတော့များ ထပ်ပြီးတင်သွင်းလာတဲ့ဥပဒေများနဲ့ ရလာမယ်ဆိုရင် အဲဒီဥပဒေနှစ်ခုကို ပူးပေါင်းပြီးတော့ ကျယ်ကျယ်ပြန့်ပြန့် ခုနအတွင်းရေးမှူးကြီး အစီရင်ခံစာတင်ပြသွားသလိုပဲ ကျွန်တော်တို့အရင်ပို့ထားခဲ့တဲ့ ဥပဒေများလိုပဲ သက်ဆိုင်ရာအဖွဲ့အစည်းများနှင့် ဒါဘာဖြစ်လို့လဲဆိုတော့ မြန်မာနိုင်ငံသားများရဲ့ အခွင့်အရေးများဖြစ်တဲ့အတွက် ကျွန်တော်တို့တစ်ဦးတစ်ယောက်တည်းမဟုတ်ပဲ အများနဲ့လည်းဆိုင်တယ်။ ဒါ့ကြောင့်မို့လို့ ကျယ်ကျယ်ပြန့်ပြန့်လည်း ဆွေးနွေးဖို့လိုပါတယ်။ သင့်လည်း သင့်ပါတယ်။ ဒါ့ကြောင့် ကျွန်တော်ခုနကဟာ ပြန်ပြောရမယ်ဆိုရင် ကိုယ်စားလှယ်ကြီး ဦးစိုးဝင်း တင်သွင်းထားတဲ့ဥပဒေကြမ်းကို မူတည်ပြီးတော့ အကယ်၍ မကြာမီမှာ ပြည်ထောင်စုအစိုးရအဖွဲ့ကနေပြီးတော့ တင်သွင်းလာမယ့်ဒီဥပဒေကြမ်းနှင့် ဆက်စပ်ပြီးတော့မှ နှိုမို့ဆိုရင်ဥပဒေကြမ်းနှစ်ခု

ဖြစ်သွားရင်လည်းပဲ ကျွန်တော်တို့မှာ ဝိရောဓိဖြစ်သွားနိုင်ပါတယ်။ ဒါကြောင့်မို့လို့ ဦးစိုးဝင်းကြီး တင်သွင်းထားတဲ့ ဥပဒေကို ကျွန်တော်တို့ကိုင်ဆွဲထားပြီးတော့ အစိုးရအဖွဲ့ကနေပြီး ထပ်မံတင်သွင်း လာမယ့် ဥပဒေနဲ့ပူးပေါင်းပြီးတဲ့အခါကျရင် အင်မတန်ကောင်းမွန်တဲ့ဥပဒေကြမ်းတစ်ခုဖြစ်လာဖို့ ကျွန်တော်တို့ ဆောင်ရွက်သင့်တယ်လို့ ယူဆပါတယ်။ ဒါကြောင့်မို့လို့ ကိုယ်စားလှယ်ကြီး ဦးစိုးဝင်းရဲ့ သဘောထားလေးလည်းပြန်ပြီး ပြောပြပေးပါခင်ဗျား။

**ဦးစိုးဝင်း(စမ်းချောင်းမဲဆန္ဒနယ်)**။ ။ ဟုတ်ကဲ့။ အခုလို ကျွန်တော့်ရဲ့သဘောထားကို ပြန်လည် တင်ပြခွင့်ပေးတဲ့အတွက် ဒုတိယဥက္ကဋ္ဌကြီးကို အများကြီးကျေးဇူးတင်ပါတယ်ခင်ဗျား။ ကျွန်တော် စပြီးတော့ ဥပဒေကြမ်းတင်တုန်းကလည်း အဲဒီတည်းကအချိန်ကုန်မှာစိုးလို့ ကျွန်တော်ပြန်ပြီးတော့ ဖတ်မပြတာပါ။ ဘာဖြစ်လို့လဲဆိုတော့ ဒီဥပဒေကြမ်းဖြစ်ပေါ်လာရတဲ့ အခြေခံကိုလည်း အဲဒီကတည်း ကတင်ပေးခဲ့ပါတယ်။ ဘာဖြစ်လို့လဲဆိုတော့ နာယကကြီးကနေပြီးတော့ ကျွန်တော်တို့ နိုင်ငံရေး ပါတီတွေကို ဇဗ္ဗူသီရိမှာတွေ့တဲ့အခါမှာ နာယကကြီးက နိုင်ငံရေးပါတီတွေအနေနဲ့ လွှတ်တော်ကို ဥပဒေတွေများများတင်ပေးပါ လိုအပ်တဲ့ဥပဒေတွေ။ အဲဒီလို နာယကကြီးရဲ့ မိန့်ကြားချက်အရ ကျွန်တော်တို့ဟာ နိုင်ငံရေးပါတီ တစ်ခုအနေနဲ့ ကျွန်တော်တို့လုပ်နိုင်တဲ့အဆင့်နဲ့ ကျွန်တော် ကိုယ်တိုင်အဲဒီတုန်းကလည်း ပြောခဲ့ပါတယ်။ ကျွန်တော် ဥပဒေပညာရှင်မဟုတ်ပါဘူးလို့ ကျွန်တော် ပြောပါတယ်။ ဥပဒေပညာရှင်မဟုတ်ပေမယ့် တာဝန်သိတဲ့အတွက်နိုင်ငံရေးပါတီတစ်ခုဖြစ်ရဲ့ ဒုဥက္ကဋ္ဌ တစ်ယောက်အနေနဲ့ကော ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် တစ်ယောက်အနေနဲ့ကော ကျွန်တော်တို့ ဟာပါတီအဆင့်နဲ့ ဒါကိုရေးဆွဲပြီးတော့ တင်ပြခဲ့တာပါ။ ဒီဟာလည်း ကျွန်တော်ကအဲဒါတင်ကတည်းက ၂/၇၅ ပြည်သူ့လွှတ်တော်ဥပဒေ၊ နည်းဥပဒေ ကိုအခြေခံပြီးတော့ ကျွန်တော်ရေးဆွဲတာပါဆိုတာမျိုး တင်ကတည်းကလည်း တင်ထားပြီးသားပါ။ အဲဒီကတည်းကလည်း ကျယ်ကျယ်ပြန့်ပြန့်တင်ခဲ့ပါတယ်။ တင်ပြီးတဲ့အခါမှာ အဲဒီတုန်းက ဥက္ကဋ္ဌကြီးရဲ့ရုံးခန်းမှာ ပြည်ထောင်စုတရားလွှတ်တော်ချုပ် တရားသူကြီးဦးစိုးညွန့်၊ ပြည်ထောင်စု ဒုတိယရှေ့နေချုပ်ဦးထွန်းထွန်းဦး၊ နိုင်ငံတော်သမ္မတရုံး(၂) ဝန်ကြီးဦးစိုးမောင် အဲဒီလူတွေအားလုံး ရှေ့မှာဘဲ ကျွန်တော်တို့ တိုင်ပင်ဆွေးနွေးတဲ့အခါကျတော့ နာယကကြီးကနေပြီးတော့ ဒါကို အဆိုအဖြစ်ပြောင်းလဲပေးပါ။ တိုက်တွန်းကြောင်းအဆိုအဖြစ် ပြောင်းလဲပြီးရင် ဒီဥပဒေဟာကတကယ်ကို လိုအပ်တဲ့ဥပဒေဖြစ်တယ်။ ဒါကြောင့်မို့လို့ ကျွန်တော်တို့ ကျယ်ကျယ်ပြန့်ပြန့် ရေးဆွဲနိုင်အောင်လို့ဆိုပြီးတော့ပြောပါတယ်။ ပြောလို့မို့လို့ နာယကကြီး ကိုယ်တိုင်ပဲ ရေးပေးတဲ့အတွက် ကျွန်တော်ဒီအဆိုကို တိုက်တွန်းကြောင်းအဆိုအဖြစ် လက်ခံပြောင်းလဲ

ပေးခဲ့ပါတယ်။ လက်ခံပြောင်းလဲပေးခဲ့တာဟာ ၂၀၁၂ ခုနှစ် နိုဝင်ဘာလကတည်းကပါ။ ဒါပေမယ်လို့ အမြန်ဆုံးဖြစ်ပေါ်လာဖို့ဆိုတာ ခုကျွန်တော် ၂၀၁၅ ရောက်နေပြီ။ ၂၀၁၅ ထဲမှာ နိုင်ငံတော်သမ္မတကြီး ကိုယ်တိုင်က သမ္မတရုံးကနေပြီးတော့ စာပြန်လာပါတယ်။ ဒီအဆိုဟာ သိပ်ကောင်းတဲ့ အဆိုဖြစ်ပါတယ်။ လိုလည်းလိုအပ်ပါတယ်။ ကျွန်တော်တို့က ပြောထားပါတယ်။

ဒီအဆိုဟာ ကျွန်တော်တို့ဥပဒေဟာ မပြည့်စုံသေးဘူး။ အခုခေတ်စနစ်နဲ့ ကိုက်ညီတဲ့ဥပဒေတွေ ကိုအားလုံးကျယ်ကျယ်ပြန့်ပြန့် ဥပဒေပညာရှင်တွေအပါအဝင် ဝိုင်းဝန်းရေးဆွဲပါ။ ဒါကိုလည်း ကျွန်တော်လက်ခံပါတယ်လို့ နာယကကြီးကိုလည်း သဘောတူပေးခဲ့ပါတယ်။ အဲဒီတုန်းက ဦးစိုးဝင်းရယ် အဲဒီလိုဆိုရင် ဦးစိုးဝင်းမှာ အဲဒီအခါကျတော့ ဝိုင်းဝန်းပြီးတော့ရေးဆွဲတဲ့အခါမှာ ဦးစိုးဝင်းလည်းတင်ပြလို့ရပါတယ်။ အားလုံးပါကြတာဆိုတော့ ကျွန်တော်သဘောတူပေးခဲ့ပါတယ်။ သဘောတူပေးခဲ့ပေမယ့်လို့ ဥပဒေဟာ ၂၀၁၃ ခုနှစ်ထဲမှာ ကျွန်တော်တစ်ချိန်လုံး Remind လုပ်ပါတယ်။ ဒီဥပဒေအခုထိ မတက်လာသေးပါလားဆို့တော့ အဲဒီမှာလည်း နိုင်ငံတော်သမ္မတရုံးက ပြန်လာတဲ့စာရောက်တဲ့အခါမှာ ကျွန်တော်ပြန်ပြီးတော့ ထပ်ပြီးတင်ပေးခဲ့ပါတယ်။ ဒုတိယအကြိမ် ထပ်တင်ပေးတယ်။ တင်ပေးပြီး တော့တတိယအကြိမ်အနေနဲ့လည်း ၂၀၁၄ ခုနှစ်၊ ဇွန်လ ၅ ရက်နေ့မှာ ကျွန်တော်ရဲ့ဒီမှာ ဥပဒေနဲ့ပတ်သက်လို့ တင်တဲ့ဥပဒေနဲ့ပတ်သက်လို့ ညှိနှိုင်းဆွေးနွေးဖို့ဆိုပြီးတော့ နိုင်ငံတော်၊ မြန်မာနိုင်ငံသားများရဲ့ အခွင့်အရေး၊ ဒီမိုကရေစီအရေးနဲ့ လူ့အခွင့်အရေးကော်မတီ ဥက္ကဋ္ဌကြီး ဦးဒွေးဦးရဲ့ အစည်းအဝေးဖိတ်ချက်အရ ၅-၆-၂၀၁၄ ကြာသပတေးနေ့မှာ ဒီမှာပြည်သူ့လွှတ်တော်အစည်းအဝေး ပြီးဆုံးချိန်မှာ C ဆောင်မှာလည်း ဆွေးနွေးခဲ့ပြီ။ ဒါပေမယ်လို့ ခုကျွန်တော်က ကျွန်တော်ဥပဒေပညာရှင်မဟုတ်ပါဘူး။ ဒါပေမယ်လို့ ကျွန်တော်တို့ကလည်း နိုင်ငံရေးပါတီတစ်ခု အနေနဲ့ တင်ပေးခဲ့တာမှာ ပြည်သူ့အတွက်ပဲတင်တာပါ။ ဒီဥပဒေတွေဟာ ပြီးပြည့်စုံအောင် ဆွဲပါလို့လည်း ကျွန်တော်တို့ဆွဲရမှလို့ ကျွန်တော်မပြောခဲ့ပါဘူး။ အဲဒီတုန်းက အားလုံးသဘောတူပေးခဲ့ပါတယ်။ ကျွန်တော်တို့ သဘောထားကြီးကြီးပါတယ်။ ငါလုပ်ရမှ၊ ငါ့ဟာ ဒီလိုဟာမျိုး ကျွန်တော်မှာ မရှိဘူး။ အားလုံးတိုင်တိုင်ပင်ပင်နဲ့ ဒါကြောင့်မို့လို့ ဒီဥပဒေဟာ ဦးထွန်းထွန်းဦးကိုယ်တိုင်လည်း ဒုတိယရှေ့နေချုပ်အနေနဲ့ အဲဒီတုန်းက သူကသဘောတူပါတယ်ဆိုပြီးတော့ လက်ခံခဲ့ပါတယ်။ ပြည်ထောင်စုတရားလွှတ်တော်ချုပ် တရားသူကြီးကောလက်ခံတယ်။ နောက်တစ်ခုက တစ်ခါတည်း နာယကကြီးက လက်ခံတယ်။ ပြည်သူ့လွှတ်တော်မှာလည်း ဒီဟာကိုလက်ခံ ကျွန်တော်တို့ ဘာလုပ်သင့်တယ်ဆိုတာ အားလုံးဆုံးဖြတ်ခဲ့ပြီးတဲ့ဖြစ်တဲ့အတွက် ကျွန်တော်ကဒါကို အမြန်ဆုံးဖြစ်ပေါ်လာဖို့

ဆိုပြီးတော့ပဲ တိုက်တွန်းတာပါ။ ကျွန်တော့်အနေနဲ့တစ်ခုတည်းမဟုတ်ဘူး။ ကျွန်တော့်မှာလည်း ကျွန်တော့် နိုင်ငံရေးပါတီရှိတဲ့အတွက် ပါတီရဲ့သဘောထားအနေနဲ့လည်း ဘာပဲဖြစ်ဖြစ် ကျွန်တော်တို့ တင်ပေးတာ ပြည်သူ့အတွက် တင်ပေးတာဖြစ်တဲ့အတွက် အလဟဿအချည်းနှီးနဲ့ ဆုံးသွားတဲ့ဟာမျိုး၊ ရပ်သွားတဲ့ဟာမျိုးမဖြစ်စေချင်တဲ့အတွက် ဒီဥပဒေကြမ်းကို ပိုမိုပြည့်စုံတဲ့ ဥပဒေ တစ်ရပ်ဖြစ်လာဖို့ ဒီရက်ပိုင်းထဲမှာကို ဆွေးနွေးတာရှိပါတယ်။ ကျွန်တော်တင်တဲ့ ဥပဒေကြမ်းက နိုင်ငံသားရဲ့အခွင့်အရေး ကာကွယ်စောင့်ရှောက်ရေးဆိုတော့ နိုင်ငံသားဆိုတဲ့ Definition မှာတောင်မှပဲ တိုင်းရင်းသားနဲ့ နိုင်ငံသားဟာ ကွာဟနေတယ်။ အဲဒီတော့ကျတော့ ဒီကိစ္စကို နည်းနည်းလေးပြင်ပြီးတော့ကျတော့ ဆွေးနွေးရင် အားလုံးဆွေးနွေးနိုင်တာပေါ့ဗျာ။ ကျွန်တော်တို့ ဒါဥပဒေကြမ်းအနေနဲ့ ကျွန်တော်က တင်ပေးတယ်ဆိုပေမယ့်လို့ အဆိုအဖြစ်ပြောင်းလဲပြီးသားပဲ။ နာယကကြီးကလည်း ခွင့်ပြုပြီးသား။ ကျွန်တော်တို့ ဝိုင်းဝန်းပြီးတော့ ဆွေးနွေးပြီးတော့ ဒါကြီးဖြစ်ပေါ်လာဖို့ပဲ လိုအပ်ပါတယ်။ အဲဒီမှာ ကျတော့မှ ဆွေးနွေးကြတာပေါ့လို့ ကျွန်တော် ဒီလိုအထိအောင် ကျယ်ကျယ်ပြန့်ပြန့်၊ Scope ကျဉ်းကျဉ်းလေးနဲ့ ကြည့်တာမဟုတ်ပါဘူး။ ဒါကြောင့်မို့လို့ ဒုတိယဥက္ကဋ္ဌကြီးကနေပြီးတော့ ဒီကိစ္စကတော့ ဘယ်လိုဖြစ်သင့်ပါတယ်ဆိုတာမျိုး ဆုံးဖြတ်ပေးတဲ့ဟာကို ကျွန်တော်လက်ခံပါတယ်။ ဖြစ်စဉ်ကိုပဲ ကျွန်တော် တင်ပြခြင်းဖြစ်ပါတယ်။ ရည်ရွယ်ချက်ကလည်းတကယ်ပြည့်စုံလား/မပြည့်စုံ သေးဘူးလားဆိုတာ ပြည်ထောင်စုအဆင့်ပုဂ္ဂိုလ် ဒုတိယရှေ့နေချုပ်ရော၊ ဒုတိယဝန်ကြီးရော အားလုံးသိပြီးဖြစ်ပါတယ်။ ဒါကြောင့်မို့လို့ ကျွန်တော်ကတော့ လွှတ်တော်ကနေပြီးတော့ အတည်ပြု ပြီးသား အဆိုတစ်ခု။ အဆိုတစ်ခုဟာ ဥပဒေအရ ဘာဖြစ်လာရမယ်ဆိုတာ ဥပဒေရှိပြီးသားပါ။ အဲဒီဟာတွေအတွက် ဆင့်ကဲဆင့်ကဲ သူ့ Process အတိုင်းပဲ ဖြစ်သင့်ဖြစ်ထိုက်တာ ဖြစ်ပေါ်လာဖို့ ဆိုတဲ့တင်ပြချက်နဲ့ နိဂုံးချုပ်ပါတယ်။ ကျေးဇူးအများကြီးတင် ပါတယ်ခင်ဗျား။

**ဦးစိုးဝင်း၊ စမ်းချောင်းမဲဆန္ဒနယ်က မြန်မာနိုင်ငံသားများအခွင့်အရေး ကာကွယ်စောင့်ရှောက်ရေးဥပဒေကြမ်းကို လွှတ်တော်က လက်ခံဆွေးနွေးရန် သင့်/မသင့်အဆုံးအဖြတ်ရယူခြင်း**

**ဒုတိယဥက္ကဋ္ဌ**။ ။ အဆိုရှင် ကိုယ်စားလှယ်ကြီး ဦးစိုးဝင်းရဲ့ သဘောထားကို သိရတဲ့အခါမှာ ကျွန်တော်ရဲ့ သဘောထားနဲ့ အတူတူပဲဖြစ်တယ်လို့ ကျွန်တော် နားလည်ပါတယ်။ ဒါကြောင့်မို့လို့ ကျွန်တော်တို့ရဲ့ ဒီဥပဒေတွေနဲ့ပတ်သက်ပြီးတော့ ဆုံးဖြတ်မယ့် ကျွန်တော့်ရဲ့ အဆုံးအဖြတ်ကို လက်ခံမယ်လို့လည်း ကျွန်တော် နားလည်ပါတယ်။ ဟုတ်ပါတယ်နော်။ အဲဒီလိုဆိုရင် ကျွန်တော်တို့အနေနဲ့က အခုနပြောခဲ့တဲ့အတိုင်းပဲ အတည်ဖြစ်ပြီးသားအဆိုအရ ဆက်လက်ဆောင်ရွက်ရမယ့်ကိစ္စ ဖြစ်ပါတယ်။ ဒါကြောင့်မို့လို့ ကျွန်တော်တို့အနေနဲ့ အခုနက ပြောသလိုပဲ လက်ရှိအခြေအနေကတော့ မပြည့်စုံသေးတဲ့အတွက် ဒီအတိုင်းကြီးပဲ ဆောင်ရွက်လိုက်မယ်ဆိုပြန်ရင်လည်း ကျွန်တော်တို့ မပြည့်မစုံနဲ့ဆောင်ရွက်တဲ့နေရာမှာ မဖြစ်နိုင်ဘူးဖြစ်ပြန်။ ဒါကြောင့်မို့လို့ ပြည့်စုံတဲ့အနေအထားဖြစ်အောင် ကျွန်တော်တို့ ပြန်လည်ဆောင်ရွက်ဖို့လိုတဲ့အတွက် အခု အဆိုရှင် လွှတ်တော်ကိုယ်စားလှယ် ဦးစိုးဝင်း တင်သွင်းထားတဲ့ ဒီ မြန်မာနိုင်ငံသားများ အခွင့်အရေးကာကွယ်စောင့်ရှောက်ရေးဥပဒေကြမ်းနှင့် စပ်လျဉ်းပြီးတော့ ဒီဥပဒေကို ကျွန်တော်တို့ မှတ်တမ်းအဖြစ်နဲ့ထားရှိပြီးတော့ အစိုးရအဖွဲ့က တင်သွင်းလာတဲ့ ဥပဒေများ ရောက်ရှိလာတဲ့အခါမှာသော်လည်းကောင်း၊ ဒီထက်ပိုပြီးတော့ ဥပဒေရဲ့ပုံစံကျအောင် ပြောင်းလဲပြီးတော့ ပြင်ဆင်ပြီး တင်သွင်းလာနိုင်တဲ့အခါကျရင် အဲဒီအခါကျမှာပဲ ဆက်လက်ပြီးတော့ ဆွေးနွေးဖို့ ကျွန်တော် ဆုံးဖြတ်ပါမယ်။ ဘာဖြစ်လို့လဲဆိုတော့ အခု မဲခွဲစရာလည်း မလိုဘူးလို့ ကျွန်တော် သဘောပေါက်ပါတယ်။ အဆိုရှင်ကလည်း သဘောတူထားပြီးသားဖြစ်တဲ့အတွက် ကျွန်တော် ပြန်ပြောပါမယ်။ အခု ကိုယ်စားလှယ် ဦးစိုးဝင်း တင်သွင်းတဲ့ မြန်မာနိုင်ငံသားများ အခွင့်အရေးကာကွယ်စောင့်ရှောက်ရေး ဥပဒေကြမ်းနှင့်စပ်လျဉ်းပြီးတော့ ဒီဥပဒေကြမ်းကို ကျွန်တော်တို့ လွှတ်တော်မှာ မှတ်တမ်းအဖြစ်နဲ့ထားရှိပြီး ပြည်ထောင်စုအစိုးရအဖွဲ့က ဒီဥပဒေနဲ့အတူတူ ဒီအတိုင်းပဲ တင်သွင်းလာတဲ့ဥပဒေများ၊ ပြည့်စုံတဲ့ဥပဒေများရောက်လာခဲ့ရင် သို့တည်းမဟုတ် ဦးစိုးဝင်းအနေနဲ့ပဲဖြစ်ဖြစ်၊ မည်သူကပဲဖြစ်ဖြစ် ဒီဟာကို ပူးပေါင်းပြီးတော့ ပြင်ဆင်ပြီးတော့ ဥပဒေရဲ့ပုံစံတကျ ပြန်လည်ပြင်ဆင်ပြီး တင်ပြလာတဲ့အခါမှာ ကျွန်တော်တို့ ဆက်လက်ဆောင်ရွက်သွားမယ်လို့ ကျွန်တော် ဆုံးဖြတ်ကြောင်း ကြေညာပါတယ်။ (သြဘာသံများ)

**မှူကြမ်း**

# ပြည်သူ့လွှတ်တော်ဒုတိယဥက္ကဋ္ဌက ပထမအကြိမ် ပြည်သူ့လွှတ်တော် (၁၂)ကြိမ်မြောက်ပုံမှန် အစည်းအဝေး (၄၂)ရက်မြောက်နေ့ ရပ်နားကြောင်းနှင့် အစည်းအဝေး (၄၃)ရက်မြောက်နေ့ ကျင်းပမည့် နေရက်နှင့်အချိန်ကို ကြေညာခြင်း

**ဒုတိယဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ပထမအကြိမ် ပြည်သူ့လွှတ်တော် (၁၂)ကြိမ်မြောက်ပုံမှန်အစည်းအဝေး (၄၂)ရက်မြောက်နေ့ကို ရပ်နားပါမယ်။ ပထမ အကြိမ် ပြည်သူ့လွှတ်တော် (၁၂)ကြိမ်မြောက်ပုံမှန်အစည်းအဝေး (၄၃)ရက်မြောက်နေ့ကို ထပ်မံ ကြေညာမှာဖြစ်ကြောင်းနဲ့ ယနေ့ အစည်းအဝေးပြီးဆုံးကြောင်း ကြေညာပါတယ်။ (သြဘာသံများ)

**အချိန်၊ ၁၂း၀၀။**

**အခမ်းအနားမှူး**။ ။ ပြည်သူ့လွှတ်တော်ဒုတိယဥက္ကဋ္ဌ ပြန်လည်ထွက်ခွာပါပြီခင်ဗျား။

**အခမ်းအနားမှူး**။ ။ အားလုံးထွက်ခွာနိုင်ပါပြီခင်ဗျား။

[ပထမအကြိမ် ပြည်သူ့လွှတ်တော် (၁၂)ကြိမ်မြောက်ပုံမှန်အစည်းအဝေး (၄၂)ရက်မြောက်နေ့ ကို နာရီအချိန်တွင် ရပ်နားပါသည်။]

**မှူကြမ်း**